
စိတ်ကူးချိုချိုစာနယ်ပညာ

# ရှိုယင်နဲ့ ဟာဇဒွား ပုံပြင်များ



တတိယအကြိမ်

mgyoe.com

mgyoe.com

ဂျာအေးပုံပြင်များ နယဉ်
မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော် - ဗိုသံ
စာမျက်နှာ မျက်နှာ၊ ၁၆ စင်တီ× ၁၈.၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဩဂုတ်လ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၆ ဝါမိုးအောင်စာပေ၏ ဒုတိယအကြိမ်မူ။

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# ဂျာအေးပုံပြင်များ

## နုယဉ်

တတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ လူတော် မြို့စားကလေး ၁

၂။ ငမူး ၉

၃။ ရေသူမ မိဖုရား ၁၇

၄။ ဗလဘုရင် ၂၂

၅။ ပိုက်ဆံပင်ကြီး ၂၉

၆။ မြွေမင်းသား ၃၆

၇။ နှာခေါင်းရှည် ၄၈

၈။ ရက်ကန်းသည် မယ်အိုစာ ၅၇

၉။ ပန်းနုတ်သမီး ၇၂

၁၀။ ပွန်စီနှင့် ပွန်ဇာ ၇၇

၁၁။ ဆံထိုးတောင်ရွာ ၈၄

၁၂။ သမီးတော် လှယဉ်မျိုး ၉၄

၁၃။ ကျားသတ်သူ ၁၀၂

၁၄။ ရွှေကြိုးရှင် ပင်တိုင်စံ ၁၁၁

၁၅။ ငှက်သူငယ်နှစ်ကောင် ၁၂၁

၁၆။ ရွှေဇဝါနှင့် ကေသရာ ၁၃၀

၁၇။ နဂါးမင်းသမီး၏ လက်ဆောင် ၁၃၈

၁၈။ ရန်နိုင်ဓား ၁၄၄




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# လူတော် မြို့စားကလေး

ရှေးသရောအခါက အဘိုးအို၊ အဘွားအိုများ အသက်ရှည်ရှည် မနေရသော ခြောက်ဆယ်ရွာအမည်ရှိ ရွာကလေးတစ်ရွာ ရှိလေ၏။ ခြောက်ဆယ်ရွာ၌ လူဖြစ်လာသူတို့သည် အသက်ခြောက်ဆယ်ထက် ပို၍ မနေနိုင်ကြချေ။ အသက်ခြောက်ဆယ်ရောက်လာသည်ဆိုလျှင်ပင် အမယ်အို၊ အဘိုးအိုတို့သည် သူတို့ ကောင်းရာမွန်ရာဘဝသို့ ရောက်စေရန် သူတို့ဘာသာ သူတို့၏ အသက်ကို စတေးပစ်ကြရလေသည်။ သူတို့ရွာကလေးတွင် ရှေးရှေးသောအခါကပင် အစွဲတစ်ခု ရှိခဲ့သည်။ ထိုအစွဲမှာ အသက်ခြောက်ဆယ် ပြည့်လာသူသည် နောင်အခါ၌ ဘဝ ကောင်းကို ရစေရန် မိမိတို့ မိမိဘာသာ ရွာထိပ်ရှိ ရေကန်ကြီးဆီသို့ သွား၍ ထိုရေကန်ကြီးထဲ၌ ပွင့်နေသည့် ကြာပွင့်ကြီးတစ်ပွင့်ထဲသို့ ခုန်ချ လိုက်ရသည်။ ထိုသို့ ခုန်ချလိုက်လျှင် သေဆုံးသွား၍ သေသူသည် နောင်အခါ၌ ကောင်းသောဘဝတစ်ခုသို့ ရောက်ရသည်၊ ချမ်းသာခြင်း ရှိသည်ဟု ဆိုစမှတ်ရှိနေလေသည်။ ထို့ကြောင့် ထိုရွာကလေးရှိ လူတို့ သည် ယောကျ်ားမိန်းမ,မရွေး အသက်ခြောက်ဆယ်ရောက်လာလျှင်

mgyoe.com

mgyoe.com


ထိုကန်ထဲရှိ ကြာပွင့်ကြီးပွင့်လာလျှင် ခုန်ချလိုက်ကြရသည်ချည်း ဖြစ်လေသည်။ ထို့ကြောင့် ရွာကလေးကို ခြောက်ဆယ်ရွာဟု ရှေးက ခေါ်ဆိုခဲ့ကြခြင်း ဖြစ်လေသည်။

တစ်နေ့သ၌ ထိုရွာကလေး၌ တစ်သက်ပတ်လုံး နေထိုင်လာသူ အမယ်အိုတစ်ယောက်သည် အသက်ခြောက်ဆယ် ပြည့်လုနီးလာလေ၏။ အမယ်အိုသည် သူ့အသက်ကို စတေးခါနီးလာပြီဖြစ်သဖြင့် ရှိသမျှ ပစ္စည်းတို့ကို သားမြေးများအား ဝေငှပေးလေ၏။ သူ့အတွက်မူကား အသက်စတေးလျှင် ဝတ်ဆင်ရန် အကောင်းဆုံး အဝတ်တစ်စုံ ချန်ထားလေ၏။ သူသည် တစ်နေ့နေ့၌ ကြာကန်ကြီးသို့သွား၍ ကြာပွင့်ကြီးထဲသို့ ခုန်ချပြီး သူ့အသက်ကိုစတေးရန် အချိန်ရောက်လာတော့မည်ဟု တွေးကာ ရပ်ဝေးမှာရှိသည့် သားသမီးတို့ကို အကြောင်းကြားလိုက်လေ၏။ ရပ်ဝေးမှာ နေကြသည့် သားသမီးတို့လည်း တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြလေ၏။ သူတို့သည် မိခင်ကြီး၏ အသက်ခြောက်ဆယ်ပြည့်၍ စတေးရတော့မည်ကို သိကြသောအခါ ခွဲရမည်ကို ဝမ်းနည်းကာ ငိုယိုကြလေ၏။ မိခင်ကြီးကမူကား "မငိုကြနှင့် သားတို့ သမီးတို့၊ အမေ ဒီကြာပွင့်ကြီးထဲကို ခုန်ချလိုက်မှသာလျှင် ကောင်းရာမွန်ရာဘဝကို ရောက်ရမှာမို့ စိတ်ကောင်းကောင်းထားကြပါ။ အမေ့အတွက် ကောင်းကောင်းဆုတောင်းရစ်ကြပါ" ဟု ပြောလေ၏။ ထိုသို့ပြောသော်လည်း သားသမီးတို့သည် ဝမ်းနည်းစွာ ငိုယိုမြဲ ငိုယိုနေကြလေ၏။ သားသမီးတို့အထဲတွင် မငိုသူတစ်ယောက်သာ ရှိလေ၏။ သူသည် သားယောကျ်ားဖြစ်၍ မြို့ကြီးတစ်မြို့နှင့် ရွာငယ်များကို အုပ်ချုပ်ရသော မြို့စားကလေးတစ်ယောက် ဖြစ်လေ၏။ ထိုအမယ်အို နေထိုင်သည့် ရွာကလေးမှာ မြို့စားအုပ်ချုပ်ရသည့်နယ်ပယ်ဖြစ်၍ မိခင်ကြီး သေရတော့မည်ဟု သိသောအခါ မငိုဘဲ ရွာကလေးတွင် အသက်

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com



ရှည်ရှည် မနေနိုင်ကြရသည့်အကြောင်းရင်းကို စဉ်းစားနေရသဖြင့်သာ သူမငိုနိုင်ခြင်း ဖြစ်လေ၏။ မြို့စားကလေးသည် သူ့မိခင်အား "မိခင်၊ သူတကာတို့ အသက်ခြောက်ဆယ်ပြည့်၍ ကြာပွင့်ကြီးထဲသို့ ခုန်ချကြကာ သေကြသော်လည်း မိခင် ခုန်မချလိုက်ပါနှင့်၊ အကြောင်းမဲ့ သေဆုံးကုန်ကြသည်ကို သနားဖို့တောင် ကောင်းပါသေးသည်။ မိခင်၏ အသက်ကိုလည်း ကြာပွင့်ကြီးထဲသို့ ခုန်ချကာ မစတေးလိုက်ပါနှင့်" ဟု တောင်းပန်လေ၏။ သို့ရာတွင် အမယ်အိုကမူ ခေါင်းခါလျက် "အို၊ မိခင်ကို မတားမြစ်ပါနှင့်ကွယ်၊ မိခင်လည်း သူတကာလို နောက်ဘဝမှာ ကောင်းရာမွန်ရာ ဖြစ်ချင်သူပါ။ ငါ့သားနှင့် သမီးတို့ကသာ မိခင်အတွက် ဆုမွန်ကောင်း တောင်းရစ်ကြပါ" ဟု ပြန်ပြောလေ၏။ မြို့စားကလေးကလည်း သူ့မိခင်အား ထိုကဲ့သို့ပင် အတန်တန် တောင်းပန်လေ၏။ တောင်းပန်သော်လည်း အမယ်အိုက မလျှော့ဘဲ သူ့အတွက် လုပ်ရန်ရှိသည်တို့ကို လုပ်ကိုင်ကာ ကြာပွင့်ကြီးထဲသို့ ခုန်ချရတော့မည့် အချိန်ကိုသာ စောင့်နေလေ၏။

မြို့စားကလေးလည်း မိခင်အား ပြောပြတောင်းပန်၍ မရနိုင်မှန်း သိရသောအခါ သူတစ်ယောက်တည်း လူသူကင်းဝေးရာသို့ ထွက်သွားကာ တစ်နေ့လုံး ထိုင်၍ စဉ်းစားလေ၏။ ညနေရောက်မှ ပြန်လာလေ့ရှိလေ၏။ သူသည် တောထဲရှိ ရသေ့ကြီးတစ်ပါးထံသို့သွား၍ သူတို့ရွာကလေး၌ ဖြစ်ပျက်သည့် အကြောင်းအရာတို့ကို ပြောပြကာ ဆွေးနွေးလေ၏။ ပညာရှိ ရသေ့ကြီးကလည်း သူသိသလောက်တို့ကို ပြန်လည်၍ ဆွေးနွေးလေ၏။ မြို့စားကလေးသည် တစ်နေ့သ၌ တောထဲမှ ပြန်ရောက်လာလေ၏။ ထိုနေ့သည် အမယ်အို ကြာပွင့်ကြီးထဲသို့ ခုန်ချတော့မည့် နေ့ရက်အတွက် ခုနစ်ရက်သာ လိုတော့၏။ မြို့စားကလေးသည် ညည၌ သူတစ်ယောက်တည်း ထိုင်ကာ စဉ်းစားပြီးလျှင် နေ့အခါ၌

mgyoe.com

mgyoe.com



သူ၏ တပည့်တို့ကိုခေါ်ကာ ရေကန်ကြီးဆီသို့ ထွက်လာလေ့ရှိလေ၏။ ရေကန်ထဲ၌ ထူးဆန်းသော ကြာဖူးကြီး တစ်ဖူးရှိ၍ အခြားကြာဖူးတို့နှင့် မတူဘဲ မနက်စောစောမှပွင့်၍ ညနေရောက်လျှင် ပြန်၍ ငုံသွားကာ ရေထဲတွင် နစ်မြုပ်သွားလေ့ရှိသည်ကို သိရလေ၏။

မြို့စားကလေးလည်း တစ်နေ့သ၌ သူ့တပည့်တို့အား အိမ်မှနေ၍ ယမ်းမှုန့်အိတ်များကို လှည်းအစီးပေါင်းများစွာ သယ်ယူလာစေ၏။ မဖောက်ထုံးများကိုလည်း လှည်းအစီးပေါင်းများစွာ သယ်လာစေ၏။ ယမ်းမှုန့်နှင့် မဖောက်ထုံးအိတ်ပေါင်းများစွာ ရေကန်ကြီးသို့ ရောက်ရှိလာသောအခါ မနက်တိုင်းစောင့်ကာ ကြာဖူးကြီးပေါ်လာသည်ကို ကြည့်လေ၏။ ကြာဖူးကြီးသည် ရေထဲမှာ ပေါ်လာပြီး မကြာခင်မှာပင် ပွင့်လာ၍ နီရဲသောအရောင်မှာ ရေကန်ကြီးတစ်ခုလုံးကို လွှမ်းနေလေ၏။ ထိုသို့ နီရဲစွာပွင့်လာသောအခါမှ သေမည့်သူများသည် ကြာပွင့်ထဲသို့ ခုန်ဆင်းကြရသည်ဟု သိရသဖြင့် မြို့စားကလေးသည် ကြာပွင့်ကြီး ပွင့်လာသည်နှင့်တစ်ပြိုင်နက် ယူလာသည့် ယမ်းမှုန့်အိတ်တို့ကို ကြာပွင့်ထဲသို့ လောင်းထည့်လေ၏။ ယမ်းမှုန့်အိတ်များ ကုန်သောအခါ၌ မဖောက်ထုံးအိတ်များကိုလည်း ဖောက်ကာ ကြာပွင့်ကြီးထဲသို့ လောင်းချလိုက်လေ၏။ သူသည် လှေတစ်စင်းနှင့် ရေကန်ထဲသို့ ကူးသွားကာ ကြာပွင့်ကြီးထဲသို့ ယမ်းမှုန့်များ ကျသည်မကျသည်ကို သေချာစွာ ကြည့်ပြီးသောအခါ အိမ်သို့ ပြန်လာခဲ့လေ၏။ သူ့တပည့်တို့ကိုမူ ညအချိန်၌ ကြာပွင့်ကြီးပြန်ငုံကာ ရေထဲတွင် မြုပ်သွားသည်အထိ စောင့်ကြည့်ခိုင်းထားခဲ့လေ၏။ တပည့်တို့လည်း ညနေအချိန်၌ နေ့တိုင်းကဲ့သို့ ကြာပွင့်ကြီးပြန်ငုံကာရေထဲသို့ မြုပ်သွားသည်အထိ စောင့်ကြည့်ပြီးနောက် ပြန်လာခဲ့ကြလေ၏။

နောက်မနက်၌ မြို့စားကလေး၏ မိခင်ကြီး ကြာပွင့်ထဲသို့ ခုန်ချ

mgyoe.com

mgyoe.com


ကာ စတေးရမည့်နေ့ ဖြစ်လေ၏။ ရပ်ဝေးမှရောက်လာကြသည့် သားသမီးတို့လည်း မိခင်နှင့် နောက်ဆုံးခွဲခွာကြရတော့မည်ဖြစ်သဖြင့် ဝမ်းနည်းစွာ ငိုယိုကြသည်မှာ တစ်အိမ်လုံး ဆူညံနေလေ၏။ သူတို့အထဲ၌ မငိုဘဲနေသူမှာ မြို့စားကလေးဖြစ်လေ၏။ မြို့စားကလေးသည် မိခင်ကြီးအား စိတ်အလိုလိုက်ကာ သူလုပ်ချင်သည်တို့ကို လုပ်ပါစေဟု စောင့်ကြည့်နေလေ၏။ အချိန်ရောက်သောအခါ မြို့စားကလေးနှင့် မိခင်ကြီးတို့သည် အခြွေအရံများစွာနှင့် ပြင်ဆင်ကြပြီးလျှင် ရေကန်ကြီးဆီသို့ ထွက်လာကြလေ၏။ သူတို့သည် ရေကန်ကြီးနံဘေး၌ မိခင်ကြီးအား ကြာပွင့်ဆီသို့ သွားပို့ရန် လှေငယ်တစ်စင်း အသင့်ပြင်ဆင်ထားကြလေ၏။ မြို့စားကလေးသည် မိခင်ကြီးအား ရေလယ်သို့ မသွားစေသေးဘဲ စောင့်နေကြစဉ် ကန်အလယ်၌ ရုတ်တရက် ကြာဖူးကြီး ပေါ်မလာဘဲ မီးခိုးများ ထလာသည်ကို အံ့သြဖွယ်ရာ မြင်ကြရလေ၏။ လူများလည်း မီးခိုးများကိုသာ ငေးကြည့်နေကြစဉ် ရေပြင်၌ နီရဲစွာဖြစ်ပေါ်လာလေ၏။ ရေကန်တစ်ခုလုံးမှာ သွေးဖြင့် နီရဲလာသဖြင့် လူများသည် ကြောက်လန့်လာကြလေ၏။ မိခင်ကြီးအားလည်း ရေလယ်သို့ လှေဖြင့်မသွားစေဘဲ စောင့်ကြည့်နေကြစဉ် အသံကြီးတစ်သံ မြည်ဟည်းကာ ရေပြင်မှာ ပိုမို၍ လှုပ်ရှားလာပြန်လေ၏။

ထိုခဏ၌ ရေသည် ပွက်ပွက်ဆူလာကာ ကြာပွင့်ပေါ်လာမည့်နေရာ၌ ရှည်လျားသည့် အမြီးကြီးတစ်ချောင်း ပေါ်လာသည်ကို မြင်ကြရလေ၏။ ထိုအမြီးကြီးနောက်မှ အကြေးခွံများဖြင့် ကြောက်မက်ဖွယ်ကောင်းသည့် နဂါးကြီးတစ်ကောင်သည် တဖြည်းဖြည်းပေါ်လာသည်ကို မြင်ကြရလေ၏။ နဂါးကိုယ်ထည်ကြီး ပေါ်လာပြီးနောက် ကိုယ်ထည်ကြီးမှာ ဝေဒနာ ခံစားနေရသကဲ့သို့ အရှိန်ပြင်းစွာ လှုပ်ရှားနေလေ၏။ ရေကန်တစ်ပြင်လုံးမှာလည်း သွေးဖြင့်နီရဲကာ မကြာခင်မှာပင်

mgyoe.com

mgyoe.com


မနက်တိုင်း ပေါ်လာနေကျ ကြာပွင့်ကြီး ပေါ်လာသည်ကို မြင်ကြရလေ၏။ ကြာပွင့်ကြီးမှာ တကယ့်ကြာပွင့်ကြီး မဟုတ်တော့ဘဲ နဂါးကိုယ်ထည်နှင့် ဆက်စပ်၍ ကြည့်လိုက်သောအခါ နဂါးပါးစပ်ကြီး ဖြစ်နေသည်ကို သိရှိကြလေ၏။ နဂါးပါးစပ်ကြီးသည် ကြာပွင့်သဏ္ဌာန်ရှိသည်ကို မြင်ကြရသောအခါ ကန်ပေါင်၌ ရပ်ကြည့်နေကြသည့် လူများကြားမှ မြို့စားကလေးသည် လှေငယ်တစ်စင်းဖြင့် ရေကန်ထဲသို့ ကူးသွားကာ နဂါးကြီးကို လှံဖြင့် တအားထိုးလေ၏။ နဂါးကြီးမှာ ယမ်းမှုန့်များမျိုမိထားသဖြင့် တွန့်လိမ်နေရာမှ လှံဖြင့် တစ်ဖန် ထိုးလိုက်သောအခါ ငြိမ်သက်သွားလေတော့သည်။

ထိုသို့ ငြိမ်သက်သွားသောအခါ သေပြီဟု သိရသဖြင့် ပါလာသည့် တပည့်တို့အား နဂါးသေကြီးကို ကုန်းပေါ်သို့ ဆွဲတင်စေလေ၏။ နဂါးကိုယ်ထည်ကြီးမှာ ကြီးလွန်းသဖြင့် ဝိုင်း၍ ကြည့်နေကြသည့် လူများက ကူညီ၍ ဆွဲတင်ပေးကြလေ၏။ နဂါးသေကြီး ကုန်းပေါ်သို့ ရောက်သောအခါမှ မြို့စားကလေးက နဂါးသေကြီး၏ ဝမ်းဗိုက်ကို ခွဲစေ၏။ ဝမ်းဗိုက်ကို ခွဲလိုက်သောအခါ လူရိုးများ တောင်လိုပုံနေသည်ကို မြင်ကြရလေ၏။ လူရိုးများနှင့်အတူ သေသူ အမယ်အို၊ အဘိုးအိုတို့၏ အင်္ကျီလုံချည်များကိုလည်း မြင်တွေ့ကြရလေ၏။ ထိုအခါ သေဆုံးသွားကြသူတို့၏ သားမြေးများက သတိရကာ ပြင်းစွာ ငိုကြွေးကြလေ၏။ မြို့စားကလေး၏ မိခင်ကြီး အမယ်အိုမူကား ထိုအခြင်းအရာကို မြင်ရသောအခါ ပညာရှိ၍ စွန့်စွန့်စားစားကြံစည်ကာ လုပ်ကိုင်သည့်သားအား ကျေးဇူးတင်မိလေ၏။ ရွာထဲက လူအားလုံးကလည်း မြို့စားကလေးအား ဝိုင်း၍ ရှိခိုးကန်တော့ကြလေ၏။ မြို့စားကလေးသာ ဤကဲ့သို့ ရဲရင့်စွာကြံစည်ကြိုးစားခြင်း မရှိပါခဲ့လျှင် နောင်အခါ၌ ရွာထဲက အမယ်အို အဘိုးအိုတို့ မည်မျှ သေဆုံးကြဦးမည်ကို မခန့်မှန်းနိုင်ချေ။

mgyoe.com

mgyoe.com



ထိုနေ့မှစ၍ ရွာထဲရှိ အမယ်အိုး၊ အဘိုးအိုတို့သည် အသက်ခြောက်ဆယ် ရောက်လာသော်လည်း သူတို့ကိုယ်ကိုသူတို့ စတေးဖို့မလိုတော့ဘဲ ရှေးရှေးကလူများ အယူမှား၊ အလုပ်မှားခဲ့ကြသည်ကို သိကြကာ အသက်တစ်ရာကျော်သည်အထိ နေထိုင်နိုင်ကြရလေသည်။ ထိုကဲ့သို့ တစ်ရွာလုံး၏ အသက်ကို ကယ်တင်ခဲ့သော မြို့စားကလေး၏ ကျေးဇူးကိုလည်း နောင်လာနောက်သားတို့ သတိရစေခြင်းငှာ ရွာထိပ်တွင် ကျောက်ရုပ်ထုလုပ်ကာ အမှတ်တရ တည်ထားစေလေသတည်း။

□

mgyoe.com

mgyoe.com

## ငမှူး

ရွာထဲသို့ မြွေလမ္ဘာယ်ဆရာကြီး ဦးတာရောက်လာသည်နှင့် တစ်ပြိုင်နက် ကလေးလူကြီးအားလုံး စိတ်ဝင်စားစွာ စုရုံးလာကြသည် မြွေလမ္ဘာယ်ဆရာကြီး ဦးတာသည် လေးခွရွာကလေးသို့ တစ်နှစ်တစ်ခေါက်လာ၍ မြွေလမ္ဘာယ်ပြလေ့ရှိသည်။ သူသည် ဆောင်းဦးပေါက် စပါးပေါ်စ အချိန်တွင် ရောက်လာ၍ ရွာနီးချုပ်စပ်တစ်လျှောက် လှည့်လည်၍ ပြသလေ့ရှိရာ ရွာကလေးများမှ လူအားလုံးတို့က ဦးတာအား သိကာ ခင်မင်နေကြသည်။ ဦးတာသည် ရွာသူရွာသားတို့အား မြွေလမ္ဘာယ်ပြသရုံသာမဟုတ်ဘဲ မြွေကိုက်ခံရသူကို တွေ့လျှင်လည်း ဆေးကုသပေးတတ်သည်။

ဦးတာသည် မြွေကို လိမ္မာအောင် သင်ပြပေးရုံသာမက မြွေဆိပ်များကို ဖြေပေးနိုင်သော ဆေးစွမ်းကို နားလည်တတ်ကျွမ်းသူလည်း ဖြစ်လေသည်။ ရွာထဲမှ လူအချို့ မြွေကိုက်ခံရသောအခါက ဦးတာဆေးကုသပေးသဖြင့် အသက်ချမ်းသာခဲ့ကြရဖူးသည်။ ရွာသူရွာသားများသည် လယ်ယာလုပ်ကိုင်သူများ ဖြစ်ကြသည်။ လယ်သမားတို့သည်

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


စပါးတော၊ မြက်တောတွင် တိုး၍ လုပ်ကိုင်ကြရသဖြင့် မြွေကိုက်ခံရသောအခါ ဦးတာကိုပင် အားကိုးကြရတော့သည်။ ဦးတာသည် အခြားသော မြွေဆေးကုဆရာတို့ကဲ့သို့ ဆေးကုခများများမယူဘဲ သဒ္ဓါသမျှ၊ ပေးသမျှကိုသာ ယူလေသည်။ ဆင်းရဲသူများကိုမူကား ဦးတာက အလကားသက်သက် ကုသကာ အသက်ကယ်ဆယ်ပေးသည်။ ထို့ကြောင့် ဆောင်းဦးပေါက် စပါးရိတ်ချိန်ရောက်လျှင် လယ်သမားများ စပါးရိတ်ရာတွင် မြွေကိုက်ခံရတတ်သဖြင့် "ဦးတာရောက်လာလျှင် သိပ်ကောင်းမှာပဲကွယ်" ဟု သူတို့ တမ်းတလေ့ ရှိကြသည်။ ရွာထဲက ကလေးတို့ကမူကား မြွေလိမ္မာများ ကကြခုန်ကြသည်ကို ကြည့်ချင်သဖြင့် ဦးတာအားတမ်းတလေ့ရှိကြသည်။

ယခုနှစ် ဆောင်းဦးပေါက်အချိန်တွင် ဦးတာသည် နှစ်တိုင်းကဲ့သို့ပင် မြွေပခြုပ်များကိုထမ်းကာ ရောက်လာလေသည်။ သူရောက်လာလျှင် ရွာထဲက ကလေးလူကြီးအားလုံး ဝမ်းသာကြသည်။ ကလေးတို့က ဦးတာအား "ဘကြီး မြွေလမ္မာယ်ဘယ်တော့ပြမလဲ" ဟု ဆီးကြို၍ နှုတ်ဆက်ကြသည်။ လူကြီးများကမူ "ဝမ်းသာလိုက်တာ ဦးတာရယ်၊ မြွေဆေးကောင်းကောင်း ပါခဲ့ရဲ့လား" ဟု နှုတ်ဆက်ကြသည်။ ဦးတာတွင် မြွေဆေးကောင်းကောင်းလည်းပါသည်။ မြွေဟောက်၊ မြွေပွေး၊ မြွေငန်း အစရှိသော မြွေဆိုးများစွာလည်း ပါလာသည်။ မြွေဆိုးများသည် ဦးတာ၏ သင်ပြမှုကြောင့် မြွေလိမ္မာများသာ ဖြစ်ကြကုန်သည်။

ဦးတာသည် အသက်ခြောက်ဆယ်ကျော်အရွယ်ရှိသည်။ အသားညို၍ မျက်လုံးမျက်ဖန်ကောင်းသည်။ နှုတ်ခမ်းမွေးနှင့် ခံ့ညားသောမျက်နှာရှိ၍ ခေါင်းပေါင်းပန်းရောင် ပေါင်းလာလေ့ရှိသည်။ ပုဆိုးအကွက်ကြားနှင့် အပေါ်အင်္ကျီမှာ ပင်နီတိုက်ပုံ ရင်ဖုံးဝတ်ဆင်သည်။ သူ့လက်ထဲတွင် ဆေးကြာပွတ်ကို အမြဲကိုင်ဆောင်ထားသည်။

mgyoe.com

mgyoe.com


ဦးတာသည် သူ့အား ရွာသူရွာသားတို့က ခင်မင်ကြသော်လည်း ရွာထဲမှာ မနေပေ။ ဘယ်အိမ်မှာမှလည်း သူ မတည်းခိုဘဲ ရွာပြင်ဘက် ခပ်ဝေးဝေးရှိ တောစပ်တွင် ဇရပ်အိုတစ်ဆောင်ရှိရာသို့သွားကာ တည်းခို လေ့ရှိသည်။ မနက်မိုးလင်းလျှင် မြွေပခြုပ်များကို ထမ်းကာ၊ ဆေးလွယ် အိတ်ကိုလွယ်လျက် ဆေးကြာပွတ်ကို ကိုင်ကာ ရွာရိုးတစ်လျှောက် လည်ပြီး မြွေလမ္ဘာယ်ပြသည်ဆိုလျှင်ပင် လာကြည့်သူများက ပိုက်ဆံ အကြွေများ ချပေးလေ့ရှိကြသည်။ ဘယ်လောက်ပေးပါဟု မတောင်းခံ ဘဲ သဒ္ဓါတတ်အားသမျှ ပေးကြကမ်းကြသည်ကို သဘောကျသဖြင့် ဦးတာကလည်း သူ့မြွေလိမ္မာများကို ကျွမ်းကျင်စွာ ကခုန်ပြစေသည်။ မြွေများသည် အဆိပ်ပြင်းစေကာမူ ဦးတာအား ကြောက်လည်းကြောက်၊ ချစ်လည်းချစ်ကြသဖြင့် ခိုင်းစေသမျှ ကခုန်ပြကြသည်။ ကလေးများ သည် ဦးတာအား မြွေဆေးကုတတ်ခြင်းထက်၊ မြွေလမ္ဘာယ်ပြခြင်း ကြောင့် ပို၍ ခင်မင်နေကြသည်။ ထို့ကြောင့် သူတို့ မုန့်ဖိုးထဲမှ ဦးတာ အား မြွေလမ္ဘာယ်ပြခ စု၍ ပေးကြခြင်းဖြစ်သည်။

ကလေးတို့အထဲတွင် ပိုက်ဆံတစ်ပြားတစ်ချပ်မျှ ထုတ်မပေးဘဲ ကြည့်ရှုသာကြည့်သော သူငယ်တစ်ယောက် ရှိလေသည်။ သူ့နာမည်မှာ မောင်မူးဖြစ်သည်။ မောင်မူးသည် လေးခွရွာသားကလေးဖြစ်၍ စာ လည်း ကောင်းစွာမသင်၊ မိဘတို့၏ လုပ်ငန်းတွင်လည်း ဘာတစ်ခုမျှ ဝင်၍မကူညီဘဲ ရွာရိုးလျှောက်ကာ တေပေနေသူကလေးတစ်ယောက် ဖြစ်သဖြင့် သူ့အား လူကြီးများက အထင်သေးကာ "ငမူး" ဟု ခေါ်ကြ သည်။ "ဟေ့... ငမူး" ဟု လူကြီးများက ခေါ်လိုက်လျှင် ငမူးကလည်း မထိလေးစား အသံဖြင့် "ဘာလဲဗျ" ဟု ပြန်၍ ထူးလိုက်လေ့ရှိသည်။ ငမူးသည် ပြောဆိုရာတွင်လည်း ချောင်ခြင်းမရှိ။ အငေါ်တူးတူး ပြောကာ စိတ်ကောင်းရှိသူ မဟုတ်ချေ။ ငမူးသည် ဦးတာရောက်လာတိုင်း

mgyoe.com

mgyoe.com


မြွေလမ္ဘာယ်ဝိုင်းတွင် တိုးဝှေ့၍ ကြည့်ခဲ့ဖူးသည်။ ယခုနှစ် ဦးတာရောက်လာသည်ဆိုလျှင်ပင် သူများထက် ဦးအောင် သူဝင်၍ တိုးဝှေ့ကာ ကြည့်သည်။ ငမူးသည် ဦးတာ သင်ပြထားသော မြွေလိမ္ဘာများကို ကြည့်နေရင်းမှ ဦးတာ၏ ဘယ်ဘက်လက်သူကြွယ်တွင် ဝတ်ဆင်ထားသော မြလက်စွပ်ကြီးကို ထူးဆန်းစွာ မြင်လိုက်မိသည်။ ဦးတာသည် ဆင်းရဲသော ကျေးတောသား မြွေလမ္ဘာယ်ဆရာကြီးဖြစ်၍ မြလက်စွပ်ဝတ်ဆင်ထားသည်ကို အရင်က မမြင်ခဲ့ဖူးပေ။ ငမူးသည် ဦးတာ၏ မြလက်စွပ်ကြီးကို ငေးကြည့်နေခိုက် သူ့နားမှ သူငယ်လေးတစ်ယောက်က "အဲဒါ ဟိုဘက်ရွာမှာ ဦးတာဆေးကုလို့ ဆုရလာခဲ့တဲ့ မြလက်စွပ်ကြီးပေါ့။ သူက စေတနာကောင်းကောင်းနှင့် ဆေးကုပြီး ဆေးကုခလည်း မယူတော့ မြွေကိုက်ခံရတဲ့လူက အသက်သခင်ကို ကျေးဇူးဆပ်ပါရစေဆိုပြီး၊ အဲဒီမြလက်စွပ်ကြီးကို ဝတ်ပေးလိုက်တာ" ဟု ပြောသံကြားလိုက်ရသည်။

မြွေလမ္ဘာယ် လာကြည့်သူများသည် ဦးတာ၏ စိတ်ကောင်းရှိပုံကို ကျေးဇူးတင်ကာ ချီးမွမ်းကြသည်။ ငမူးကမူကား ချီးမွမ်းဖို့ဝေးစွ၊ မြလက်စွပ်ကြီးကို လုယူချင်စိတ် ဖြစ်ပေါ်နေလေသည်။ ထိုနောက် ငမူးသည် လူကြားထဲမှ ရုတ်တရက် ထွက်ခွာသွားလေ၏။ သူသည် ဈေးထဲသို့ ရောက်သွားသည်။ ဈေးထဲက ဘယဆေးဆိုင်တစ်ဆိုင်တွင် အိပ်ပျော်တတ်သော သစ်စေ့တစ်မတ်ဖိုးဝယ်သည်။ ဘယဆေးသည်ကြီးက "ဟေ့... သူငယ်၊ ဒီသစ်စေ့က ဆေးဖော်ရတာကွဲ့၊ ဘာလုပ်ဖို့လဲ" ဟု မေးသည်။ ငမူးက အငေါ်တူးစွာဖြင့် "အိုဗျာ အမေဝယ်ခိုင်းလို့ပါ" ဟု ညာပြောခဲ့လေ၏။

ငမူးသည် သစ်စေ့များကို ယူလာပြီးလျှင် ဆုံတွင် ထောင်းကာ အမှုန့်လုပ်ပြီး ထုပ်ယူခဲ့လေ၏။ သူသည် ညနေစောင်းအချိန်၌ တောစပ်

mgyoe.com

mgyoe.com


သို့ ထွက်လာခဲ့လေသည်။ တောစပ်တွင် မြွေလမ္ဗာယ် ဆရာကြီးဦးတာသည် ဇရပ်အိုကြီးထဲ၌ ညစာထမင်းချက်နေလေ၏။ ငမူးက ဇရပ်အိုကြီးရှေ့မှာ ရပ်လျက် "ရေတစ်ပေါက်လောက်ပေးပါဗျာ" ဟု ရေငတ်ချင်ယောင်ဆောင်ကာ တောင်းလေ၏။ သူတစ်ပါးအား သနားကြင်နာတတ်သော ဦးတာက "လာဟေ့ သူငယ်၊ လာယူလှည့်" ဟု ဆိုကာ ရေတစ်ခွက်လှမ်းပေးသဖြင့် ငမူးက ရေသောက်ပြီးလျှင် ဇရပ်ထဲသို့ ဝင်လာလေ၏။ ငမူးက "ဘကြီး... မြွေတွေ ဘယ်မှာထားသလဲ၊ ဒီမှာ ရှိသလား" ဟု မေးရာ ဦးတာက "အေး... ရှိတာပေါ့ကွဲ့၊ ဘကြီးနှင့် အတူတူပဲ အိပ်ကြတယ်။ ဒါပေမဲ့ သူတို့က ပခြုပ်ထဲမှာ ခွေအိပ်ကြတယ်၊ ဘာလုပ်မလို့ မေးတာလဲ" ဟု ပြန်ပြောရာ ငမူးက မျက်နှာပျက်ရာမှ "သြော်... ဒီည ကျွန်တော် ဘကြီးဆီမှာ တစ်ညလောက်တည်းဖို့ ပြောချင်လို့ပါ။ ခရီးသွားရင်း နေစောင်းသွားတာနှင့် ရှေ့ဆက်မသွားနိုင်လို့ ဒီဇရပ်မှာ တစ်ညတည်းမယ်လို့ မေးကြည့်တာပါ" ဟု ညာ၍ ပြောလိုက်သည်။

ဦးတာကလည်း "အို... တည်းတာပေါ့ကွယ်၊ ဘကြီးနှင့်ပဲ ဒီညနေ ညစာထမင်းစားပေါ့၊ ညကျတော့ ဘကြီးဘေးနားမှာအိပ်၊ မနက်ကျတော့မှပဲ ငါ့တူ လိုရာခရီးကို ဆက်သွားတာပေါ့" ဟု ပြန်ပြောသဖြင့် ငမူးလည်း အကြံယူကာ ဦးတာ ထမင်းချက်သည့် အနားတွင် ထိုင်နေလေ၏။

ထိုအခိုက် ခပ်လှမ်းလှမ်းမှာ ချထားသော မြွေပခြုပ်များထဲမှ မြွေများက "ရှူး... ရှူး... ရှူး... ရှူး... ဟု မြည်ကြလေ၏။ ဦးတာလည်း လက်ဖက်ရည်ကြမ်းအိုး တည်နေရာမှ လှည့်ကြည့်ကာ "ဟဲ့... မင်းတို့တစ်တွေကလည်း မအော်စဖူးအော်ကြပါကလား။ မြီးကျား၊ ကျောတွန့်နှင့် ပါးပျဉ်းနီတို့ ငါ့စကားနားထောင်ပြီး အိပ်ကြပေတော့" အာဏာသံဖြင့်

mgyoe.com

ပြောလိုက်ရာ မြွေလိမ္မာများသည် တိတ်ဆိတ်စွာ ခွေအိပ်ကုန်ကြလေ၏။ ဦးတာလည်း ငမူးကို သူနှင့်အတူ ထမင်းစားစေပြီးနောက် ပန်းကန်ဆေးနေလေ၏။ ထိုအခိုက် အကြံနှင့်စားနေသော ငမူးက ဦးတာ ထသွားခိုက် သူ့အိတ်ထဲမှာ ဝှက်ယူလာသော အိပ်ပျော်ဆေး အမှုန့်များကို အမှတ်မဲ့ လက်ဖက်ရည်ကြမ်းအိုးထဲသို့ ဖြူးထည့်လိုက်လေ၏။ ထမင်းစားပြီး၍ ဦးတာ လက်ဖက်ရည်ကြမ်းသောက်သောအခါ ငမူးက မသောက်ဘဲ ရေအေးတစ်ခွက်ခပ်၍ သောက်လေ၏။

မိုးချုပ်စပြုသောအခါ၌ ဦးတာက အရင် သမ်းဝေလာပြီးလျှင် "ကဲ… ငါ့တူလည်း မနက်ခရီးဆက်ဖို့ရှိသေးတယ်၊ အိပ်ပေတော့။ ဘကြီးလည်း အိပ်ချင်ပြီကွယ်၊ အိပ်တော့မယ်" ဟု ပြောကာ အိပ်လေ၏။ ငမူးကား အကြံအစည်ဖြင့်လာသူဖြစ်၍ မအိပ်ဘဲနှင့် အိပ်ချင်ယောင်ဆောင်နေလေ၏။ ညသန်းခေါင်အချိန်၌ ဦးတာသည် အိပ်ဆေးမိထားသဖြင့် အိပ်မောကျနေလေ၏။

ငမူးသည် ဦးတာအနီးသို့ကပ်၍ အိပ်မောကျနေသည်ကို ငုံ့ကြည့်ကာ မြလက်စွပ်ကြီးကို ချွတ်ယူမည်ပြုလေ၏။ ဦးတာ၏ မြလက်စွပ်ကြီးမှာ ညမှောင်မည်းမည်းထဲမှာပင် အစိမ်းရောင်တောက်ပကာ အလွန်လှပနေလေ၏။ ငမူးလည်း လိုချင်သော စိတ်ဇောဖြင့် ဦးတာ၏လက်ကို ကောက်၍ဆွဲကာ မြလက်စွပ်ကို စတင်၍ ချွတ်နေလေ၏။

မြလက်စွပ်မှာ ရုတ်တရက် ချွတ်၍မရသဖြင့် ငမူးက ခပ်ဖြည်းဖြည်း ချွတ်နေစဉ် ဦးတာ၏ ဘေးနားမှာချထားသော ပခြုပ်ထဲမှ မြွေဟောက်တစ်ကောင် လျှောထွက်လာလေ၏။ ငမူးကား မြွေဟောက်လျှောထွက်လာနေသည်ကို မမြင်ဘဲ လောဘဇောဖြင့် ဦးတာ၏ လက်ကိုဆွဲကာ မရမက ချွတ်ယူလျက်ရှိစဉ် သူ့မျက်စိထဲတွင် မှောင်မိုက်လာကာ ဘေးသို့ လဲကျသွားလေ၏။

mgyoe.com

mgyoe.com

ငမူးကို မြွေဟောက်က တအားပေါက်လိုက်သဖြင့် ထိုနေရာမှပင် လဲကာ ပွဲချင်းပြီး သေဆုံးသွားလေတော့သည်။

မနက် မိုးလင်းသောအခါ ဦးတာလည်း အိပ်ဆေးပြေကာ အိပ်ရာမှ နိုးလာလေ၏။ ဦးတာသည် သူ့ဘေးနားတွင် လဲကျကာ သေဆုံးနေသည့် ငမူးကို အံ့သြစွာမြင်ရလေ၏။ ဦးတာသည် ညက သူအိပ်မောကျနေသဖြင့် ဘာဖြစ်ခဲ့သည်ကို မသိချေ။ သို့ရာတွင် ပခြုပ်ထဲမှ မြွေဟောက် "ပါးပျဉ်းနီ" သည် ခွေနေရာမှ ခေါင်းထောင်ထလျက် "ရှီး... ရှီး... ရှီး..." ဟု အော်မြည်ကာ လက်စွပ်သူခိုးငမူးကို ပေါက်သတ်လိုက်ကြောင်း မြွေတို့ဘာသာဘာဝဖြင့် ပြန်ပြောပြနေလေသတည်း။

▢

mgyoe.com

mgyoe.com

# ရေသူမ မိဖုရား

ရှေးသရောအခါ ပင်လယ်ပြာကြီး၏အနီး တောင်ကုန်းတစ်ခုပေါ်၌ ဘုရင်ကြီးတစ်ပါး၏ နန်းတော် ရှိလေ၏။ တစ်ညသ၌ လေကလည်းတိုက်၊ မိုးကလည်းရွာတော့မည်ဖြစ်သဖြင့် နန်းတော်အဆောင်ထဲ၌ မီးဖိုကာ ဘုရင်ကြီး စံတော်မူခိုက် ပင်လယ်ထဲမှ လှိုင်းတံပိုးသံကြီးကို ကျယ်လောင်စွာ ကြားလိုက်ရလေ၏။ ထိုသို့ကြားရပြီး မကြာခင်မှာပင် အဆောင်တံခါးကို တစ်စုံတစ်ယောက်လာ၍ ခေါက်ပြီးလျှင် "တံခါးဖွင့်ပေးပါရှင်။ ဒုက္ခရောက်လို့ပါ" ဟု ပြောလိုက်သည်ကို ကြားရလေ၏။ ဘုရင်ကြီးလည်း တံခါးကို အဖွင့်ခိုင်းလိုက်သောအခါ လူတစ်ယောက်ကို မြင်ရလေ၏။ ထိုလူသည် မိန်းကလေးတစ်ယောက်ကို လက်ဆွဲလျက် ဝင်လာလေ၏။ ထိုသူ၏ မျက်နှာမှာ သူတကာတို့နှင့် မတူဘဲ မျက်လုံးမှာ ပင်လယ်အရောင်ကဲ့သို့ ပြာ၍ အသံမှာလည်း ပင်လယ်ထဲမှ လှိုင်းတံပိုးသံနှင့် တူနေလေ၏။ သူနှင့်အတူပါလာသည့် မိန်းကလေးမှာ အသားဖြူ၍ မျက်လုံးပြာကလေးနှင့် ဖြစ်လေ၏။ ထိုသူက ဘုရင်ကြီးအား "အရှင့်အတွက် ရံရွေဖော် လာဆက်ပါတယ်။ လက်ခံပါ" ဟု ပြောလေ၏။ ဘုရင်က မည်သို့မျှ ပြန်မပြောသေးမီ ထိုလူလည်း အပြင်

mgyoe.com

mgyoe.com


ဘက်သို့ ခပ်မြန်မြန် ထွက်သွားလေ၏။ မိုးလည်း ပြင်းစွာ ရွာချနေလေ၏။ ဘုရင်လည်း မိန်းကလေးဆီသို့ ကြည့်ပြီးလျှင် "မင်းငါ့အနားမှာ ရုံရွှေဖော်အဖြစ် နေမလား" ဟု မေးလိုက်ရာ မိန်းကလေးက ဘာမျှ ပြန်မပြောပေ။ ဘုရင်လည်း "မင်းဘယ်ကလာခဲ့တာလဲ။ နာမည် ဘယ်လိုခေါ်သလဲ"ဟု မေးသောအခါ၌လည်း မိန်းကလေးက မည်သို့မျှ ပြန်မပြောပေ။ ထိုအခါမှ ဘုရင်လည်း မိန်းကလေးသည် စကားမပြောနိုင်ဘဲ အ,နေကြောင်း သိရှိရလေတော့သည်။

ဘုရင်သည် မိန်းကလေး၏ ရုပ်ရည်ကိုကြည့်ကာ ရုံရွှေဖော်အဖြစ် ထားရှိလေ၏။ ဤသို့ဖြင့် နှစ်အတန်ငယ်ကြာရှိလာလေ၏။ မိန်းကလေးမှာ အ,ပင် အ,သော်လည်း ရုပ်ရည် လှပချောမောသောကြောင့် ဘုရင်က မကြာခင်မှာပင် မိဖုရားတင်မြှောက်ခြင်းခံရလေ၏။ မိဖုရားသည် စကားတစ်လုံးမျှမပြောနိုင်သော်လည်း မကြာခင် သားရတနာကလေးတစ်ယောက်ကို ဖွားမြင်လာလေ၏။ ဘုရင်ကလည်း အလွန်ပင် မြတ်နိုးလေ၏။ ဘုရင်နှင့်မိဖုရား၊ သားတော်ကလေးတို့သည် တောင်ကုန်းပေါ်မှ ဆင်း၍ ပင်လယ်ကမ်းခြေ၌ မကြာမကြာ လမ်းလျှောက်လေ့ရှိကြလေ၏။

တစ်နေ့သ၌ "သားတော်ကလေးမွေးလာတာ အင်မတန်ပျော်တယ်၊ မပျော်တဲ့အချက်ကတော့ မိဖုရားစကားမပြောနိုင်တာပါပဲ" ဟု ပြောလိုက်မိလေ၏။ ထိုအခါ မိဖုရားသည် ပင်လယ်ပြာ ကမ်းခြေသို့ သွား၍ ထင်းစငယ်တစ်စကို မီးနှင့်ညှိလေ၏။ ညှိပြီးသောအခါ သူသိမ်းဆည်းထားသည့် ရွှေသေတ္တာငယ်ကလေးကိုဖွင့်ကာ အတွင်းမှ ဆေးမှုန့်ကလေးကို ထိုထင်းစပေါ်သို့ ဖြူးချလိုက်လေ၏။ ဆေးမှုန့်ကလေးကို မီးလောင်သွားသောအခါ၌ ပင်လယ်ထဲမှ လှိုင်းတံပိုးများ လှုပ်ရှားထကြွလာပြီးလျှင် လူတစ်ယောက် ပေါ်လာလေ၏။ ထိုလူသည် မျက်လုံးအပြာနှင့် ဖြစ်လေ၏။ သူ့အသံမှာလည်း ပင်လယ်ထဲက လှိုင်း

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


တံပိုးသံနှင့်ပင် တူနေလေ၏။ ထိုလူက "ဘယ့်နှယ်လဲ နှမတော်၊ ပင်လယ်ပြင်ကို ပြန်လိုက်ခဲ့တော့မလား" ဟု မေးလေ၏။ မိဖုရားကလည်း "မလိုက်ပါရစေနှင့်မောင်ကြီးရယ်၊ နှမတော်မှာ အခု သားတော်ကလေး မွေးဖွားနေပါပြီ၊ ဒီမှာပဲ နေပါရစေ" ဟု ပြန်ပြောလေ၏။ ထိုသူကလည်း "အို... မင်းပြန်လိုက်ခဲ့မှပေါ့၊ မင်းကို တခြားတိုင်းပြည်က ငါ့ရန်သူ ဘုရင်တစ်ယောက်က တိုက်ခိုက်ပြီး လုယူမယ်လုပ်လို့၊ ဒီမြေပေါ်က ဘုရင်ကြီးဆီမှာလာပြီး ခေတ္တအပ်ထားခဲ့တာ၊ အခု ငါ့တိုင်းပြည်ကို လည်း ဘယ်သူမှ လာပြီး ရန်မမူတော့ဘူး၊ ငါတို့မှာ ဘေးရန်အေးသွားပြီ၊ ငါတို့ မောင်နှမနှစ်ယောက် ကိုယ့်တိုင်းပြည်ကို အုပ်ချုပ်ဖို့ပဲ ရှိတော့တယ်၊ လိုက်ခဲ့ပါကွယ်" ဟု ခေါ်လေ၏။ မိဖုရားကလည်း "မလိုက်ပါရစေနှင့် မောင်ကြီးရယ်၊ နှမတော်မှာ အခု သားတော်ကလေး မွေးဖွားနေပါပြီ" ဟု ပြန်ပြောရာ ထိုလူက "ကဲ၊ မင်းမလိုက်ချင်တာဖြင့် ငါ့တူကလေးကို ငါနှင့် တစ်ပါတည်းထည့်လိုက်ပေတော့" ဟု ပြောပြီးလျှင် ကလေးကိုလုယူ၍ ရေအောက် ပြန်ဆင်းသွားလေ၏။

မိဖုရားသည် သူ့အစ်ကိုနှင့် ပြန်တွေ့ရသောအခါ စကားပြောနိုင်လာသော်လည်း သားတော်ကလေးကို သူ့အစ်ကိုက လုယူသွားသဖြင့် စိတ်မကောင်းဖြစ်နေလေ၏။

မိဖုရားနှင့် ဘုရင်တို့သည် မကြာခဏပင် တောင်ကုန်းပေါ်မှ ဆင်း၍ ပင်လယ်ကမ်းခြေ၌ လမ်းလျှောက်ရင်း သားတော်ကလေးကို လွမ်းဆွတ်နေကြရလေ၏။ တစ်ခါတစ်ခါ၌ ပင်လယ်ပြာကြီးသည် လှိုင်းတံပိုးများ ထကြွလာပြီးလျှင် မိဖုရား၏ အစ်ကိုပေါ်လာကာ သားတော်ကလေးကို အလွမ်းပြေ လာပြလေ့ရှိ၏။ ထိုသို့ လာ၍ ပြပြီးလျှင် သားတော်ကလေးကို ပြန်ခေါ်သွားလေ၏။ သူက ပြန်ခေါ်သွားသည့် အခါတိုင်း "ကဲ၊ မင်း လူ့ပြည်မှာ ဒါလောက်ပျော်တာဖြင့် နေပေဦးတော့

mgyoe.com

mgyoe.com



ပေါ့ကွယ်၊ တစ်နေ့နေ့မှာတော့ မင်းရဲ့သားတော်ကလေးက လာပြီး မရရအောင် ခေါ်ပါလိမ့်မယ်"ဟု ပြောခဲ့လေ၏။

မိဖုရားသည် ဤသို့ပင် သားတော်ကလေးနှင့် တကွဲနေလာရင်း နေ့ရက်များစွာ ကြာညောင်းလာခဲ့လေ၏။ ဘုရင်လည်း သူ့မိဖုရား အ,အဘဝမှ လွတ်မြောက်လာခဲ့ရသဖြင့် စိတ်ချမ်းသာစွာနှင့်ပင် နေထိုင်လာရာ အိုမင်းသည့်အရွယ်သို့ပင် ရောက်ရှိလာလေ၏။ ဘုရင်ကြီးသည် အသက်အရွယ် အိုမင်းလာသဖြင့် မကြာခဏပင် နာမကျန်းဖြစ်လာတတ်လေ၏။ သူက မိဖုရားအား "ငါ မကြာခင် သေရတော့မယ် ထင်တယ်ကွယ်"ဟု သနားစဖွယ် ပြောတတ်လေ၏။ သူပြောသည့်အတိုင်းပင် တစ်နေ့သ၌ သူ့မိဖုရားကို အနီးသို့ခေါ်ပြီးလျှင် ကောင်းစွာ နှုတ်ဆက်ပြီးနောက် သေဆုံးသွားရှာလေ၏။ နန်းတော်၌ မိဖုရားတစ်ယောက်တည်း ကျန်ရှိနေသောအခါ တစ်နေ့သ၌ ပင်လယ်ဘက်မှ လှိုင်းတံပိုးထသံကြီးကို ကြားလိုက်ရလေ၏။ မိဖုရားသည် သားတော်ကလေးကို လွမ်းဆွတ်သတိရသည်နှင့် ပြတင်းပေါက်မှ လှမ်းမျှော်ကြည့်လိုက်သောအခါ ပင်လယ်ရေများသည် အကွဲကွဲဖြစ်ကာ လူများစွာ ရေထဲမှ ထွက်ပေါ်လာကြသည်ကို မြင်ရလေ၏။ ထိုအထဲ၌ ရေအောက်နန်းတော်ကို ပိုင်သူ မိဖုရား၏အစ်ကို ပါလာလေ၏။ သူက မိဖုရား၏ သားတော်ကလေးကို လက်ဆွဲပြီးလျှင် "ကဲ၊ မင်းတစ်ယောက်တည်းနေလို့ ဘာအကျိုးရှိဦးမှာလဲ၊ ငါတို့ ရေအောက်တိုင်းပြည်ကိုသာ ပြန်လိုက်ခဲ့ပါ။ နှမတော်ကို ငါတို့အခြွေအရံများနှင့် လာခေါ်ကြတာပါ"ဟု ပြောလေ၏။ မိဖုရားလည်း ဘုရင်ကြီးမရှိတော့သဖြင့် သားတော်ကလေးနှင့်ပင် အတူနေပါတော့မည်ဟု ဆုံးဖြတ်ကာ ရေအောက်တိုင်းပြည်သို့ ပြန်လိုက်သွားလေတော့သတည်း။

□

mgyoe.com

mgyoe.com

## ဗလာဘုရင်

တစ်ရံရောအခါ သူဆင်းရဲလင်မယားတို့တွင် သားသမီးမရနိုင်ကြသဖြင့် သူဆင်းရဲမသည် ညောင်ပင်ကြီးတစ်ပင်သို့သွား၍ "အရှင်ရုက္ခစိုးကြီး၊ သားဆုလိုချင်ပါသည်၊ ဆုပေးပါ" ဟု တောင်းဆိုလေ၏။ ထိုကဲ့သို့ ညောင်ရုက္ခစိုးထံ၌လာ၍ ဆုတောင်းကြသူများတွင် မကြာခင်မှာပင် သားသမီးရတတ်ကြသော်လည်း ထိုသူဆင်းရဲမမှာမူကား ဆုတောင်းတိုင်း မပြည့်ရှာချေ။ ထို့ကြောင့် သူဆင်းရဲမက သူ၏ ယောကျ်ားအား "မောင်မင်းရယ်၊ ဆုတောင်းလို့လည်း အပိုပါပဲ။ ဆန်မှုန့် အနည်းငယ်လောက်သာ ရှာပေးပါ" ဟု ပြောလေ၏။ သူ့ယောကျ်ားကလည်း "ဆန်မှုန့်က ဘာလုပ်ဖို့လဲကွယ်" ဟု မေးရာ သူဆင်းရဲမက "အို... ဆန်မှုန့်ကို နယ်ပြီး ကလေးရုပ်ကလေးလုပ်ရမယ်၊ အရုပ်ကလေးကိုပဲ သားကလေးလို မွေးထားရမယ်" ဟု ပြန်ပြောလေ၏။

သူဆင်းရဲ ယောကျ်ားလည်း ဆန်မှုန့်အနည်းငယ်ကို ရှာ၍ ပေးလေ၏။ ဆန်မှုန့်ရသောအခါ သူဆင်းရဲမသည် ကောင်းစွာ နယ်၍ လူရုပ်ကလေးလုပ်လေ၏။ လုပ်ပြီးသောအခါ မီးဖိုထဲ၌ ကျက်အောင်

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com



ထည့်၍ ဖုတ်လေ၏။ မီးဖိုထဲ၌ အရုပ်ကလေးကိုထည့်ပြီးသောအခါ ခဏကြာမျှ အိမ်ပြင်သို့ ထွက်လာခဲ့ပြီးလျှင် စောင့်နေလေ၏။ ခဏကြာသွားသောအခါ၌ အိမ်ထဲသို့ ပြန်ဝင်ကာ မီးဖိုထဲမှ ဆန်မှုန့်အရုပ်ကလေးကို ဆယ်မည်ဟု ကြည့်လိုက်သောအခါ မတွေ့ရတော့ချေ။ သူဆင်းရဲမလည်း အံ့အားသင့်လျက် "အို... ကျုပ်မီးဖုတ်ထားတဲ့ အရုပ်ကလေး မရှိတော့ဘူး။ ကြည့်စမ်း၊ ဘယ်သူများဝင်ပြီး ခိုးသွားတာပါလိမ့်" ဟု သူ့ယောကျ်ားအား လှမ်း၍ ပြောလိုက်လေ၏။ ထိုအခါ သူဆင်းရဲယောကျ်ားကလည်း အံ့အားသင့်လျက် "အို... ငါလည်း မီးဖိုထဲကို ဝင်တောင်မဝင်ရသေးပါဘူး။ တခြားလူလည်း ဘယ်ကမှ မလာကြပါဘူး။ လာ... လာ... အပြင်မှာ လိုက်ရှာကြည့်ကြရအောင်" ဟု ဆိုကာ အိမ်ပြင်ဘက်သို့ ထွက်၍ ရှာကြမည်ပြုစဉ် တံခါးဝ၌ ကလေးငယ်တစ်ယောက် ရပ်နေသည်ကို မြင်ကြရလေ၏။ ထိုကလေးက "အမေတို့ ကျွန်တော့်ကို ဘယ်မှာမှ လိုက်မရှာကြပါနှင့်။ မီးဖိုထဲက ကျွန်တော့်ဘာသာ ထွက်လာခဲ့တာပါ" ဟု လှမ်း၍ ပြောလိုက်လေ၏။ ထိုအခါ သူဆင်းရဲလင်မယားတို့လည်း ဝမ်းသာအားရဖြင့် "ကြည့်စမ်း၊ မူလက ဆန်မှုန့်လုပ်တဲ့ အရုပ်ကလေးပေမဲ့ ငါတို့နှင့်ထိုက်လို့သာ အခု အသက်ဝင်ပြီး လူကလေးဖြစ်လာရတယ်။ ကောင်းကောင်းမွေးကြမယ်ဟေ့" ဟု ပြောကာ ကောင်းစွာ မွေးကြလေ၏။ ထိုကလေးငယ်သည် တစ်ဆယ့်နှစ်ရက်အတွင်းမှာပင် တစ်ဆယ့်နှစ်နှစ်သားအရွယ်သို့ ရောက်ရှိလာလေ၏။ ကြီးပြင်းသည့်အရွယ်ဖြစ်၍ မိဘတို့က အလွန် အလိုလိုက်ကြလေ၏။ သူလိုချင်တာများကို ကြံဖန်၍ ရှာဖွေပေးကြလေ၏။ သူ့နာမည်ကိုလည်း ဆန်မှုန့်မှ လူဖြစ်လာသောကြောင့် 'မောင်ဆန်' ဟု မှည့်ခေါ်ထားကြလေ၏။

တစ်နေ့သ၌ မောင်ဆန်က သူ့မိခင်အား "အမေ၊ ကျွန်တော့်

mgyoe.com

mgyoe.com



ငါးမျှားထွက်ချင်လို့ ငါးမျှားချိတ်တစ်ခု ဝယ်ပေးပါ" ဟု တောင်းလေ၏။ မောင်ဆန်၏ဖခင်က ဈေးမှ ငါးမျှားချိတ်တစ်ခုကို ဝယ်ပေးရာ မောင်ဆန်က "အို... အဖေ့ငါးမျှားချိတ်ကလည်း ငယ်ငယ်ကလေးပဲ။ ဒီ့ထက်ကြီးတာကို ရှာပေးပါ" ဟု ပြောသဖြင့် ထိုထက်ကြီးကြီးကို ရှာပေးရလေ၏။ ထိုငါးမျှားကိုလည်း မောင်ဆန်က ငယ်သေးသည်ဟု ဆိုသဖြင့် ပန်းပဲဖိုသို့ သွား၍ အပ်ပေးရလေ၏။ မောင်ဆန်သည် မြစ်ကမ်းဘေး၌ ငါးမျှားနေရာတစ်ကောင်မျှ မမိသဖြင့် ရေအိုင်ကြီးတစ်အိုင်သို့သွား၍ မျှားရာ နဂါးကြီးတစ်ကောင်ကို မိလေ၏။ နဂါးကြီးမှာ ကိုယ်ကာယ ကြီးလွန်းသဖြင့် မောင်ဆန်နှင့် တစ်ယောက်တစ်ပြန် ရုန်းရာမှ အားကောင်းသော မောင်ဆန်က မိသွားကာ အိမ်သို့ ယူလာခဲ့လေ၏။

အိမ်သို့ရောက်သောအခါ မောင်ဆန်က သူ့မိခင်အား "အမေ၊ ဟောဒီမှာ ငါးမြွေကြီးတစ်ကောင် မိလာတယ်။ လာယူပါ" ဟု တံခါးဝမှ အော်၍ ပြောသဖြင့် သူ့အမေက ထွက်ကြည့်ရာ နဂါးကြီးကိုမြင်၍ လန့်သွားလေ၏။ "အို၊ မင်းယူလာတာ ငါးမြွေမဟုတ်ပါဘူး၊ နဂါးကြီးပဲ။ နဂါးဆိုတာ လူနှင့်မထားကောင်းဘူး။ ရေထဲမှာ ပြန်လွှတ်လိုက်ပါ" ဟု ပြောလေ၏။ မောင်ဆန်ကလည်း သူမျှားလာသည့်ငါးကြီးကို မချက်ရကောင်းလားဟု စိတ်ဆိုးကာ နဂါးကြီးကို ရေအိုင်ထဲသို့ ပြန်လွှတ်ပစ်လိုက်လေ၏။ နောက်မနက်၌ သူ့ဖခင်က "မောင်ဆန်၊ အဖေ့တဲထဲမှာ နွားကို ကြိုးဖြေပြီး လွှတ်လိုက်စမ်းပါ" ဟု ပြောသဖြင့် တဲထဲသို့ သွားကြည့်ရာ နွားကို မတွေ့ရသဖြင့် တောထဲသို့ ထွက်လာခဲ့လေ၏။ မောင်ဆန်လည်း တောထဲ၌ နွားကို လိုက်ရှာရင်း ဝက်ဝံကြီးတစ်ကောင်ကို တွေ့၍ ဖမ်းကာ အိမ်ပြန်လာခဲ့လေ၏။ အိမ်သို့ရောက်သောအခါ သူ့အမေက "အို၊ ဘယ်က ဝက်ဝံကြီး ဖမ်းလာပြန်တာလဲ။ ပြန်လွှတ်ပစ်လိုက်စမ်းပါကွယ်။ လူတွေကို လိုက်ကိုက်နေပါဦးမယ်" ဟု ပြော

mgyoe.com

mgyoe.com


သဖြင့် မောင်ဆန်က စိတ်ဆိုးမာန်ဆိုးနှင့် ဝက်ဝံကြီးကို ပြန်လွှတ်ပစ်လိုက်လေ၏။

ဤသို့ဖြင့် မောင်ဆန်သည် အားကောင်းသည်ထက် ကောင်းကာ၊ ထွားကျိုင်းသည်ထက် ထွားကျိုင်းလာလျက် အိမ်နီးချင်းများနှင့် ကစားသည့်အခါ ရန်ဖြစ်လေ့ရှိလာ၏။ ရန်ဖြစ်သည့်အခါတိုင်း၌ သူငယ်ချင်းတို့အား လက်ကျိုးအောင် တွန်းပစ်ခြင်း၊ မျက်စိပေါက်အောင် ထိုးတတ်ခြင်း၊ ဒဏ်ရာရအောင် ခြေဖြင့် ကန်ပစ်တတ်ခြင်း စသည်ဖြင့် ဆိုးလာလေ၏။ အိမ်နီးချင်း သူငယ်တို့၏ မိဘတို့က ကြာသော် မခံမရပ်နိုင်ကြဘဲ မောင်ဆန်၏ မိဘတို့အား "မင်းတို့သားကို စွန့်ရင်စွန့်ကြ၊ သို့မဟုတ်ရင် မင်းတို့မိသားစု ဒီရွာမှာ မနေကြနှင့်" ဟု လာ၍နှင်ကြလေ၏။ မောင်ဆန်၏ မိဘတို့ကလည်း သားကိုချစ်သဖြင့် တစ်ရွာသို့ ပြောင်းပြေးခဲ့ကြလေ၏။ ထိုရွာထဲ၌လည်း မောင်ဆန်သည် ဆိုးမြဲတိုင်း ဆိုးနေသဖြင့် ကြာသော် မိဘတို့က မောင်ဆန်အား စွန့်ပစ်ရန် တိုင်ပင်ကြပြီးလျှင် မောင်ဆန်အား တောနက်ထဲ၌ ကျားသစ်တို့အစာဖြစ်စေရန် လည်၍ "ငါ့သား မောင်ဆန်၊ မင်းရဲ့အဒေါ်နှင့် ဦးလေးရှိတဲ့ ဟောဟိုတောနက်ထဲကို သွားပါ၊ ရောက်ရင် အမေနှင့်အဖေတို့က တွေ့ချင်လို့ လိုက်ခဲ့ပါလို့ ပြောပြီး ခေါ်ခဲ့ပေတော့" ဟု ပြော၍ လွှတ်လိုက်လေ၏။ မောင်ဆန်လည်း တောနက်ထဲသို့ ထွက်လာရာ သူ့အဒေါ်နှင့် ဦးလေးဆိုသူတို့အား မတွေ့ရဘဲ ကျားများ၊ ဆင်များနှင့် ဝက်ဝံများကိုသာ မြင်ရလေ၏။ မောင်ဆန်လည်း ကျားနှင့်တွေ့သောအခါ သူ့အား ရန်မူလာသဖြင့် သူက ပြန်၍ နပန်းလုံးကာ ကျားသေကို ထမ်းလျက် အိမ်သို့ပြန်လာခဲ့ရလေ၏။ ထိုသို့ဖြင့် တောထဲ၌ရှိသည့် ဆင်နှင့် ခြင်္သေ့တို့ကိုလည်းသတ်ပြီးလျှင် အသေကို အိမ်သို့ယူလျက် ပြန်လာသည်ချည်းဖြစ်သဖြင့် ကြာသော် မိခင်နှင့် ဖခင်တို့က မောင်ဆန်အား သေ

mgyoe.com

mgyoe.com


အောင်မကြဲနိုင်ဖြစ်နေကြလေ၏။ သူတို့တွင် မောင်ဆန်အတူရှိနေပါက မည်သူနှင့်မှ မတည့်ဖြစ်တော့မည်ကို သိကြသဖြင့် မောင်ဆန်အား ပြည့်ရှင်မင်းကြီးထံဝင်၍ အပ်လိုက်ကြရလေတော့သည်။

ပြည့်ရှင်မင်းကြီးကလည်း မောင်ဆန်အား ဆင်နင်းခံ၍ သေစေရန် "မောင်မင်း၊ ဟောဟိုလယ်ကွင်းထဲမှာ သိုးကလေးတစ်ကောင် လွှတ်ထားတယ်၊ သွားဖမ်းစမ်းပါ" ဟု အမိန့်ချလေ၏။ မောင်ဆန်ကလည်း လွှတ်ထားသည့်ဆင်ကြီးကို လက်ရဖမ်း၍ ပြည့်ရှင်မင်းကြီးအား ဆက်သလိုက်ရာ အံ့သြကြရလေ၏။ ထိုကဲ့သို့ အင်အားကောင်းကြောင်းကို သိရသောအခါ မောင်ဆန်အား မသေမချင်းသတ်ရန် ကြံစည်လျက် "မောင်မင်း၊ ဒီလောက် အင်အားကောင်းတာဖြင့် တောနက်ထဲမှ တောင်မြင့်ကြီးတစ်တောင်ရှိလေရဲ့၊ အဲဒီတောင်ကြီးပေါ်မှာ သူခိုးကြီးလေးယောက်တို့ ရှိကြတယ်။ မောင်မင်းက အဲဒီသူခိုးကြီးလေးယောက်ကို အသေသတ်ပြီး သူတို့ခိုးထားတဲ့ ရွှေသေတ္တာကြီးတစ်လုံး၊ ငွေသေတ္တာကြီးတစ်လုံး၊ စိန်သေတ္တာကြီးတစ်လုံးနှင့် သံသေတ္တာကြီးတစ်လုံး ရှိတယ်။ အဲဒါတွေကို ထမ်းခဲ့ပါ" ဟု စေလွှတ်လိုက်လေ၏။

မောင်ဆန်လည်း တောင်ပေါ်သို့ တက်လာရာတွင် အလွန်မြင့်သော်လည်း အင်အားကောင်းလွန်းသဖြင့် အလွယ်နှင့်ရောက်သွားလေ၏။ ထိုတောင်ပေါ်ရှိကြသည့် ဘီလူးတို့က မောင်ဆန်အား မြင်ကြသောအခါ တစ်ယောက်ပြီးတစ်ယောက် ထွက်၍ တိုက်ခိုက်ကြလေ၏။ မောင်ဆန်လည်း ပြန်၍ ခုခံရာ အားလုံးသေကုန်ကြလေ၏။ ဘီလူးလေးယောက်တို့ သေဆုံးကြသောအခါ မောင်ဆန်သည် သူတို့နေသည့် ကျောက်ဂူကြီးထဲသို့ ဝင်၍ ရှာလေ၏။ ထိုကျောက်ဂူကြီးထဲ၌ သူတို့ခိုးကာ ဝှက်ထားသည့် ရွှေသေတ္တာကြီး၊ ငွေသေတ္တာကြီး၊ စိန်သေတ္တာကြီးနှင့် သံသေတ္တာကြီးတို့ကို တွေ့ရ၍ ပထမရွှေသေတ္တာကို ဖွင့်ကြည့်လိုက်

mgyoe.com

mgyoe.com


သောအခါ ရွှေအပြည့်ထည့်ထားသည်ကို မြင်ရလေ၏။ ဒုတိယငွေ သေတ္တာကို ဖွင့်ကြည့်လိုက်ရာ ငွေအပြည့်ထည့်ထားသည်ကို မြင်ရလေ၏။ တတိယ စိန်သေတ္တာကို ဖွင့်လိုက်ရာ အထဲမှ နန်းတော်ကြီးတစ်ဆောင် ရုတ်တရက်ပေါ်လာကာ နန်းတော်၌ လှပသည့် မင်းသမီးကလေး တစ်ယောက်ကို မြင်ရလေ၏။ ထိုမင်းသမီးကလေးက "ကျွန်မကို တိုင်းပြည် ပြန်မပို့ပါနှင့်၊ ကယ်တော်မူပါ" ဟု ပြောလေ၏။ မောင်ဆန်လည်း ထိုနန်းတော်ကြီးနှစ်ဆောင်နှင့် ငွေသေတ္တာ၊ ရွှေသေတ္တာတို့ကို ဘယ်ကဲ့သို့ ပြုရမည်ဟု စဉ်းစားနေလေ၏။ သူ့အား ဗလကောင်းသဖြင့် နှင်ပစ်သော မိဘတို့အား စိတ်မဆိုးပေ။ သို့ရာတွင် သူ့အား အသက်သေဆုံးအောင်လည်စေ၍ တောထဲသို့ စေလွှတ်လိုက်သည့် ပြည့်ရှင်မင်းအား စိတ်ဆိုးသည့်အလျောက် သူ့ထံသို့ မပြန်တော့ဘဲ ထိုတောင်ခြေမှာပင် တိုင်းပြည်ကြီးတစ်ပြည် တည်ထောင်ကာ ဆင်းရဲသော ပြည်သူပြည်သားတို့အား တွေ့ရသည့် ရွှေငွေများကို ပေးဝေကာ ချမ်းသာစွာ ထားလေ၏။

နောက်ရက်များမကြာခင်၌ မောင်ဆန်သည် ကျန်ရစ်ခဲ့သည့် မိဘတို့အား ခေါ်ယူကာ ကောင်းမွန်စွာ လုပ်ကျွေးပြုစုလျက်ရှိလေသတည်း။

▢

mgyoe.com

mgyoe.com

# ပိုက်ဆံပင်ကြီး

ရှေးသရောအခါက ပစ္စည်းအလွန်ချမ်းသာသော မိသားစုတစ်စု ရှိလေ၏။ ထိုမိသားစုတွင် သားအိမ်ထောင်သည်တို့ ရှိလေ၏။ ချွေးမတို့သည် ယောက္ခမအား ကြောက်ရွံ့ကြရလေသည်။ ချွေးမတို့အား ယောက္ခမက ခိုင်းစေလိုသည်တို့ကို ခိုင်းခွင့်ရှိလေသည်။ သားအငယ်၏ မယား၊ ချွေးမဖြစ်သူ 'မယ်နှင်း' သည် မနက်မိုးလင်းသည်မှစ၍ ညမိုးချုပ်သည်အထိ အလုပ်လုပ်ရသည်။ ညမိုးချုပ်လာသောအခါ၌လည်း သူတကာကဲ့သို့ အိပ်ရသည်မရှိဘဲ တစ်ညလုံး အလုပ်လုပ်ရပြန်သည်။ မယ်နှင်းသည် ယောက္ခမများနှင့် နေရသဖြင့် သူတို့ ခိုင်းစေသည်တို့ကို မငြင်းဆန်ဝံ့ဘဲ အောင့်အည်းလုပ်ကိုင်နေရလေသည်။

မယ်နှင်း၏ယောက္ခမ ခြံကြီးထဲ၌ ပိုက်ဆံပင်ကြီးတစ်ပင် ရှိလေ၏။ ထိုအပင်ကြီးမှ ပိုက်ဆံကြေးပြားများ နေ့စဉ်သီးသဖြင့် မယ်နှင်းက ညတိုင်းထွက်၍ ခူးကာ ပြောင်စင်အောင် တိုက်ချွတ်ထားရသည်။ မနက်လင်း၍ ယောက္ခမကြီးနိုးလာလျှင် ညကခူး၍ ရသမျှ ပိုက်ဆံကြေးပြားတို့ကို အကုန်အပ်ရလေသည်။ ပိုက်ဆံကြေးပြားတို့ကို အပ်

mgyoe.com



mgyoe.com

mgyoe.com


ပြီးနောက် မယ်နှင်းသည် တောထဲသို့ ထင်းခွေရန် ထွက်ရသေးသည်။ တောထဲ၌ တစ်နေ့လုံး ထင်းခွေ၍ ညနေချမ်းကျမှ ပြန်လာရလေသည်။ မယ်နှင်းသည် ညတိုင်း နေ့တိုင်း မနားတမ်း အလုပ်လုပ်ရသဖြင့် နေမကောင်း ထိုင်မသာ ဖြစ်လာလေတော့သည်။ ထိုအခါ အလုပ်၌ ငြီးငွေ့လာလေ၏။ မယ်နှင်းသည် နေမကောင်းထိုင်မသာ ဖြစ်လာသော်လည်း မနားဝံ့ရှာဘဲရှိ၏။ တစ်နေ့သ၌ တောထဲသို့ ထင်းအခွေထွက်လာခဲ့ရပြန်လေသည်။

တောထဲ၌ ထင်းများမရနိုင်သောအခါ တောင်ပေါ်သို့ တက်လာခဲ့ရလေ၏။ တောင်ပေါ်၌ မိုးများရွာသဖြင့် စိုကာ အအေးမိလာသဖြင့် မယ်နှင်းသည် မိုးခိုရန် တဲကလေးအထဲသို့ဝင်၍ နားနေလေ၏။ ထိုတဲထဲ၌ တရားရှာနေသည့် ရသေ့ကြီးတစ်ပါး ရှိလေ၏။ ရသေ့ကြီးက ပင်ပန်းလာသည့် မိန်းမငယ် မယ်နှင်းကို မြင်ရသောအခါ "မိန်းကလေး၊ ဘာဖြစ်လို့ ဒီလောက်ဝေးလံတဲ့ တောင်ပေါ်ကို ရောက်လာရသလဲ" ဟု မေးလေ၏။ မယ်နှင်းကလည်း "ကျွန်မ ဒီတောင်ကြီးပေါ်ကို ထင်းခွေရောက်လာခဲ့တာပါ" ဟု ပြန်ပြောရင်း ငိုလေ၏။ ရသေ့ကြီးကလည်း မယ်နှင်းငိုနေသည်ကို ကြည့်ကာ "အို ဘာဖြစ်လို့ ငိုနေရသလဲ၊ ထင်းခွေလို့ မရလို့လား" ဟု မေးလေ၏။ မယ်နှင်းကလည်း "ထင်းခွေလို့လည်း မရဘူး၊ အိမ်ပြန်ရမှာကို ကြောက်လို့ ငိုနေတာပါ" ဟု ပြန်ပြောလေ၏။ ရသေ့ကြီးက "အိမ်ပြန်ရမှာ ဘာကြောင့်ကြောက်ရသလဲ" ဟု မေးရာ မယ်နှင်းက "အိမ်ပြန်ရမှာ ကြောက်တာကတော့ ကျွန်မမှာ အမေလည်း မရှိပါဘူး၊ ယောက္ခမနှင့် နေရသူပါ" ဟု သူ့အကြောင်းကို ပြန်ပြောပြလေ၏။ ရသေ့ကြီးလည်း မယ်နှင်း ည ညမှာ လိုက်၍ကောက်ကာ ပြောင်လက်အောင် တိုက်ချွတ်ပေးရသည့် ပိုက်ဆံပင်ကြီးအကြောင်းကို ကြားရလေ၏။ ရသေ့ကြီးက မိန်းကလေး၏ ဒုက္ခကိုသိရသောအခါ

mgyoe.com

mgyoe.com


စဉ်းစားလျက် "ကောင်းပြီ၊ မိန်းကလေးနောက်ကို ည ညမှာ ပိုက်ဆံ ထပြီး မကောက်ရအောင် ဒီလိုလုပ်ပါ၊ ဟောဟိုမှာ ကြည့်လိုက်စမ်း၊ တောင်အစွန်းမှာ ကျောက်ရုပ်ကြီးတစ်ရုပ် ရှိတယ်။ အဲဒီအရုပ်ကြီးရဲ့ လက်ဟာ ရှေ့သို့ တန်းနေတာ မြင်ရလိမ့်မယ်၊ အဲဒီတန်းနေတဲ့ လက်ကြီးကြောင့် မိန်းကလေးရဲ့ ယောက္ခမအိမ်က ပိုက်ဆံပင်ကြီး ညတိုင်း သီးသီးနေတာဖြစ်တယ်။ ဒါကြောင့် ဒီကျောက်ရုပ်ကြီးရဲ့လက်ကို ပြတ်အောင် ရိုက်ချိုးလိုက်ရင် နောက် ဘယ်တော့မှ ပိုက်ဆံပင်ကြီးက အသီးသီးတော့မှာ မဟုတ်ဘူး၊ မိန်းကလေးကြိုးစားပေတော့" ဟု ပြောပြလေ၏။

မယ်နှင်းကလည်း တောင်အစွန်းသို့ သွား၍ ကြည့်လိုက်ရာ ရသေ့ကြီး ပြောသည့်အတိုင်း ကျောက်ရုပ်ကြီးတစ်ရုပ် လက်ဆန့်တန်းလျက် ရှိသည်ကို မြင်လေ၏။ မယ်နှင်းလည်း နောက် မနက်၌ တောင်ပေါ်သို့ လာရာတွင် အိမ်မှ ပေါက်ဆိန်တစ်လက်ကို ဖွက်၍ ယူလာကာ ကျောက်ရုပ်ကြီးလက်ကို ပေါက်ဆိန်ဖြင့်ထု၍ ချိုးပစ်လိုက်လေ၏။ ထိုည၌ မယ်နှင်းအိပ်ရာမှထ၍ ကြည့်လိုက်ရာ ခြံထဲမှာရှိသည့် ပိုက်ဆံပင်ကြီးမှာ ခြောက်သွေ့ကာ သေသွားသည်ကို မြင်ရလေ၏။ မနက်မိုးလင်း၍ မယ်နှင်းက ပိုက်ဆံမအပ်သဖြင့် သူ့ယောက္ခမက ခြံထဲသို့ထွက်၍ ကြည့်လိုက်ရာ ပိုက်ဆံပင်ကြီး သေသွားသည်ကို သိရလေ၏။ ထိုအခါ မယ်နှင်းအား စိတ်ဆိုးလျက် လိုက်၍ ရိုက်လေ၏။ သူ့ယောက္ခမက "ကြည့်စမ်း၊ ငါ့ကို ပိုက်ဆံများများ သီးပေးနေတဲ့ ပိုက်ဆံပင်ကြီးဟာ နင့်ကြောင့် သေသွားတာဖြစ်မှာပဲ။ ငါ့ပိုက်ဆံပင်ကြီး သေသလို နင့်ကိုလည်း အသေသတ်ရမှ ကျေနပ်နိုင်မယ်" ဟု ကြိမ်းကာ မယ်နှင်းနောက်မှ ပြေးလိုက်လာရာ မယ်နှင်းလည်း တောင်ပေါ်သို့ ထွက်ပြေးလာခဲ့လေ၏။ ယောက္ခမက ရှေ့မှပြေးနေသည့် မယ်နှင်းနောက်မှ အမီ လိုက်လာ

mgyoe.com

mgyoe.com


နေသော်လည်း မယ်နှင်းက ငယ်ရွယ်သူဖြစ်၍ အပြေးသန်သောကြောင့် ယောက္ခမက မမီလိုက်ဘဲ လမ်းခုလတ်တွင် ကျန်နေရစ်ခဲ့လေ၏။ မယ်နှင်းလည်း တောင်ပေါ်၌ပင် လူမသိအောင် တိတ်တဆိတ် နေထိုင်ရလေ၏။

မယ်နှင်းသည် နေ့ရောညပါ ရက်စက်စွာ ခိုင်းစေသည့်ယောက္ခမ ရန်မှ လွတ်ကင်းလာသော်လည်း တောင်ပေါ်တောထဲ၌ အားကိုးရာမဲ့ကာ တယောင်လည်လည် ဖြစ်နေရှာလေ၏။ ဝမ်းစာအတွက် ရရာ သစ်ဥ သစ်ဖုတို့ကိုသာ ရှာဖွေစားသောက်ရလေ၏။ ကြာသော် တစ်ယောက်တည်းဖြစ်၍ တောထဲ၌ လှည့်လည်ရင်း လဲပင်ကြီးတစ်ပင်အောက်သို့ ဝင်၍ နားနားနေနေ အိပ်စက်လေ့ရှိလေ၏။ လဲပင်ကြီးမှာလည်း အပွင့်များကြွေ၍ အပင်အောက်၌ လဲမှို့များ ကျနေသဖြင့် မယ်နှင်းတစ်ကိုယ်လုံးမှာ လဲမှို့များကပ်ကုန်ကြလေ၏။ မယ်နှင်းမှာ လဲမှို့များကပ်ကာ လူနှင့်မတူတော့ဘဲ လူဝံကြီးနှင့် တူလာလေ၏။ သူ့ဆံပင်မှာလည်း အဖြူရောင်ပေါက်ကာ တကယ့်လူဝံမကြီး ဖြစ်နေလေ၏။ သူသည် နေ့အခါ၌ တောထဲ၌လှည့်လည်နေလျက် ညအခါရောက်လျှင် တောင်စောင်း၌ရှိသော ဘုန်းကြီးကျောင်းတစ်ကျောင်းရှိ သကြားပင်အောက်သို့ ဝင်၍ခိုကာ သကြားသီးများကိုဆွတ်၍ စားသောက်လေ့ရှိလေ၏။ ထိုကျောင်းရှိ ဘုန်းကြီးသည် ကြာသော် သူ့သကြားပင်မှ သကြားသီးများ ပျောက်လွန်းသဖြင့် ညညမှာထ၍ ချောင်းလေ၏။ ညအချိန်၌ ကျောင်းဝင်းထဲသို့ တိတ်တဆိတ်ဝင်လာပြီး သကြားပင်မှ အသီးတို့ကို ခူးဆွတ်၍ စားနေသည့် ဖြူဖြူအကောင်ကြီးကို ဘုန်းတော်ကြီး မြင်တွေ့ရသောအခါ လူလား၊ တိရစ္ဆာန်လားဟု မဝေခွဲနိုင်အောင် ဖြစ်နေလေ၏။ သို့မဟုတ် တောထဲမှ မကောင်းဆိုးရွားအကောင်များလားဟု သိလိုသဖြင့် ဘုန်းတော်ကြီး အကြဲထုတ်နေလေ၏။

mgyoe.com

mgyoe.com


ဘုန်းတော်ကြီးလည်း တစ်နေ့သဉ္ဇ အသားစိမ်းများကို ထုပ် လျက် သကြားပင်ကြီးမှာ ချည်ထားလိုက်လေ၏။ အကယ်၍သာ ထို ဖြူဖြူအကောင်သည် တောတိရစ္ဆာန်နှင့် မကောင်းဆိုးရွားဖြစ်ပါက ထို အသားစိမ်းကို စားလိမ့်မည်။ သို့မဟုတ် လူစင်စစ်ဖြစ်ပါက အသားစိမ်း ကို မစားတန်ရာဟူသော အကြံဖြင့် ချည်ထားခြင်းဖြစ်လေ၏။ ထိုညဉ့် အခါတိုင်းကဲ့သို့ပင် မယ်နှင်းရောက်လာ၍ အသားစိမ်းထုပ်ကို မြင်ရ သောအခါ တောထဲ၌ ကြာမြင့်စွာနေလာ၍ လူစိတ်ပျောက်နေသည် ဖြစ်သဖြင့် အသားစိမ်းကိုမြင်သည်နှင့် ဖြုတ်ယူကာ စားပစ်လိုက်လေ ၏။ ဘုန်းတော်ကြီးလည်း မယ်နှင်းအားဖမ်း၍ "ဘာကြောင့် အခု သူ တစ်ပါးအပင်မှ အသီးကို ခိုးယူစားသောက်ပါသလဲ" ဟု မေးလေ၏။ ထိုအခါ မယ်နှင်းက ငိုရှိုက်လျက် "ကျွန်မ လူစင်စစ်ပါ၊ တောထဲမှာ အနေကြာပြီး လူလိုမစားမသောက်ရတာ ကြာလွန်းတော့ လူစိတ် ပျောက်ပြီး လူဝံရုပ်ပေါက်လာတာပါ" ဟု စ၍ သူ့အဖြစ်အပျက်ကို ပြန်ပြောလိုက်လေ၏။

ဘုန်းတော်ကြီးကလည်း မယ်နှင်းကို သနားလာသဖြင့် "မိန်း ကလေး ပြောသလိုသာဖြင့် မိန်းကလေးရဲ့ ယောက္ခမက အလွန်ခိုင်းစေ ပြီး ရက်စက်နေတာပေါ့၊ ဒါပေမဲ့ မိန်းကလေး ဒီလိုပဲ တောထဲမှာ ကြာ ရှည်နေဖို့တော့ မသင့်ပေဘူး၊ မိန်းကလေးရဲ့ ယောက္ခမအိမ်ကိုပဲ ပြန် သွားရင်ကောင်းမယ်၊ ပြန်ပေတော့" ဟု ပြောလေ၏။ မယ်နှင်းလည်း ဘုန်းတော်ကြီးက ယောက္ခမအိမ်သို့ အပြန်ခိုင်းသောအခါ ကြောက်လွန်း သဖြင့် ငိုယိုနေလေ၏။ ယောက္ခမအိမ်သို့ မပြန်လိုကြောင်းကိုသာ အတန်တန် ငိုယို၍ ပြောနေသောအခါ ဘုန်းတော်ကြီးက "မိန်းကလေး ဒီလောက်တောင် ကြောက်တာဖြင့် မိန်းကလေးကို အရင်ကလို လူနှင့် တူအောင် ပြုလုပ်ပေးလိုက်မယ်၊ ပြီးတော့ မိန်းကလေးရဲ့ ယောက္ခမက

mgyoe.com

mgyoe.com


လည်း အရင်ကလို ရက်ရက်စက်စက် မခိုင်းစေနိုင်အောင် စီမံပေးလိုက်မယ်၊ ဘာမှ မကြောက်ပါနှင့်" ဟု ပြောကာ ချော့၍ ပြန်ခေါ်သွားလေ၏။

ဘုန်းတော်ကြီးလည်း မယ်နှင်းအား သူ့ယောက္ခမအိမ်သို့ ခေါ်လာပြီးလျှင် အကျိုးအကြောင်းကို အားလုံးပြန်ပြောပြကာ နောက်ကို မစာမနာ ရက်စက်စွာ မခိုင်းစေဖို့ ဆိုဆုံးမခဲ့ပြီးနောက် ပြန်သွားလေ၏။ မယ်နှင်း၏ ယောက္ခမလည်း ချွေးမ မရှိသည့်နောက် တစ်အိမ်လုံး အလုပ်များကို ပင်ပန်းကြီးစွာ လုပ်ကိုင်နေရသဖြင့် အလွန်ပင်ပန်းကြောင်းကို သူကိုယ်တိုင်သိရှိရကာ ကိုယ်ချင်းစာနာစိတ်များ ဖြစ်ပေါ်နေလေ၏။ ထို့ကြောင့် သူ့ချွေးမအား အရင်ကလို မညှာမတာမခိုင်းစေတော့ဘဲ အချိန်နှင့် အခါနှင့်ပင် ကောင်းမွန်စွာခိုင်းစေလျက် အစားအသောက်ကိုလည်း ဝအောင်ကျွေးလေ၏။ ထိုသို့ လူနှင့်တူအောင်ကျွေး၍ လူနှင့်တူအောင် ခိုင်းစေလာသောအခါ အရင်က မယ်နှင်းနှင့်မတူတော့ဘဲ ကောင်းစွာကျန်းမာလျက် ရုပ်ရည်လှပချောမောသည့် မိန်းမပျိုကလေး မယ်နှင်း ဖြစ်လာလေ၏။ အရင်ကကဲ့သို့ လဲမှို့များလည်း မရှိတော့ဘဲ အကုန်ကွာကျကုန်လေ၏။ မယ်နှင်းသည် ပျင်းရိသူကလေးမဟုတ်သဖြင့် ယောက္ခမနှင့် လင်သားတို့အပေါ်၌ အခါတိုင်းကဲ့သို့ပင် တာဝန်မပျက်လုပ်ကိုင်ပေးကာ အေးချမ်းစွာ နေထိုင်လျက် ရှိလေသတည်း။

❐

mgyoe.com

mgyoe.com

## မြွေမင်းသား

တိုင်းပြည်တစ်ပြည်၌ ရှင်ဘုရင်တစ်ပါးနှင့် မိဖုရားတို့ သားတော်၊ သမီးတော် မထွန်းကားသဖြင့် စိတ်မကောင်းဖြစ်နေကြရလေ၏။ ဘုရင်နှင့် မိဖုရားတို့သည် မကြာခဏ တိုင်းစွန်ပြည်နားတို့ကို လှည့်လည်နေလေ့ရှိရာ တစ်နေ့သ၌ တောပိုင်းဘက်သို့ ရောက်သွားကြလေ၏။ တောပိုင်း၌ တောတိရစ္ဆာန်တို့ကို မြင်ရသောအခါ မိဖုရားက ဝမ်းနည်းစွာဖြင့် ဘုရင်အား "ကြည့်ပါဦး၊ ဟောဟိုမှာ နေကြတဲ့ ကျေးငှက်များ၊ သားကောင်များတို့မှာတော့ သားသမီးတွေ အစုံအလင်နှင့် သိပ်ပျော်ဖို့ကောင်းတာပဲ၊ ငါတို့ လူသားများမှာတော့ ကလေးတစ်ယောက်မျှ မရှိလို့ သိပ်ကံဆိုးတာပဲ၊ လူကလေး မမွေးရင်တောင်မှ အနည်းဆုံး တောကောင်ကလေး တစ်ကောင်ကောင်လောက် မွေးလာရင် တော်ပါသေးတယ်၊ တကယ်လို့ မြွေကလေးတစ်ကောင်လောက် မွေးလာရင်တောင် သူ့ကို သားသမီးဆိုပြီး ကောင်းမွန်စွာ မွေးမြူထားရတော့မှာပဲ" ဟု ညည်းဆိုလိုက်လေ၏။

နောက် ကိုးလခန့်ကြာရှိသောအခါ ထိုမိဖုရားတွင် ကလေးမျက်နှာ

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


မြင်လာလေ၏။ ထိုကလေးမှာ လူမဟုတ်ဘဲ အလွန်လှပသည့် မြွေကလေးတစ်ကောင် ဖြစ်နေလေ၏။ သို့သော်လည်း မိဖုရားသည် သူ့ရင်သွေး မြွေကလေးကိုပင် ဝမ်းသာစွာ မွေးမြူပြုစုထားလေ၏။ မြွေကလေးအတွက် လူတို့ကဲ့သို့ ကောင်းစွာနေထိုင်စေရန် သံပခြုပ်ကလေးလုပ်ကာ အထဲတွင် မွေ့ရာခေါင်းအုံးစုံလင်အောင် ထည့်ပေးထားလေ၏။ သံပခြုပ်ကလေးကို တစ်ခါတစ်ရံ ပုခက်ကဲ့သို့ပင် ကြိုးဆင်၍ လွှဲပေးလေ့လည်း ရှိလေ၏။ မိဖုရားသည် သူ၏သားတော် မြွေမင်းသားကလေးအတွက် အထိန်းတော်တစ်ယောက်လည်း ထားရှိလေ၏။ ထိုအထိန်းတော်သည် မြွေမင်းသားကလေးအား အစာကျွေး၍ အဝတ်များ လဲပေးရကာ ကောင်းစွာ စောင့်ရှောက်ကြည့်ရှုပေးရလေ၏။ နှစ်အနည်းငယ်ခန့်ကြာရှိသောအခါ မြွေကလေးမှာလည်း အရွယ်ကြီးလာသဖြင့် သံပခြုပ်အသစ်တစ်ခုကို ပြင်ဆင်၍ လုပ်ကာ ပြောင်း၍ ထည့်ပေးရလေ၏။

တစ်နေ့သ၌ မြွေမင်းသားကလေး၏ ပခြုပ်ဆီသို့ အစာကျွေးရန် အထိန်းတော်ရောက်လာလေ၏။ အထိန်းတော်သည် သံပခြုပ်ကို ဖွင့်လိုက်သောအခါ အတွင်းမှာနေသည့် မြွေကလေးက–

"သတို့သမီးလိုချင်တယ်၊
ဥစ္စာလည်းပေါ၊ ရုပ်လည်းချော
သဘောကောင်းမှ ဖြစ်ပါမယ်"

ဟု ဆိုနေသည့်အသံကို ကြားလိုက်ရလေ၏။ အထိန်းတော်လည်း မြွေစင်စစ်က လူကဲ့သို့ စကားပြောသည်ကို ကြားလိုက်ရသောအခါ ထိတ်လန့်၍ သံပခြုပ်ကို မဖွင့်ဝံ့ဖြစ်နေလေ၏။ ထိုသို့ လူကဲ့သို့ စကားပြောလာသည်ကို အထိန်းတော်က မိဖုရားထံ အကြောင်းကြားသောအခါ မိဖုရားက "ဘာမှမကြောက်ပါနှင့်၊ သားတော်က လူလိုစကားပြောလာတယ်ဆိုတော့ ဝမ်းသာဖို့တောင် ကောင်းပါသေးတယ်၊ ဖွင့်ပြီး အစား

mgyoe.com

mgyoe.com



အသောက်များကျွေးပါ” ဟု ပြောသဖြင့် အထိန်းတော်သည် သံပခြုပ်ကို ဖွင့်ကာ အစာကျွေးလေ၏။ အစာစားပြီး၍ သံပခြုပ်ကို တံခါးပိတ်သောအခါ၌လည်း အတွင်းမှ မြွေမင်းသားက–

“သတို့သမီး လိုချင်တယ်၊
ဥစ္စာလည်းပေါ၊ ရုပ်လည်းချော
သဘောကောင်းမှဖြစ်ပါမယ်”

ဟု ဆိုလိုက်သံကို ကြားလိုက်ရလေ၏။ အထိန်းတော်လည်း တစ်ခါထပ်၍ ကြားလိုက်ရသည်ကို မိဖုရားအား ပြန်ပြောပြလေ၏။ မိဖုရားကလည်း သဘောကျကာ နောက်တစ်နေ့ သူကိုယ်တိုင်လာ၍ နားထောင်လေ၏။ မြွေမင်းသားကလည်း နေ့စဉ် ထိုကဲ့သို့ပင် အခါများစွာ ပြောနေသဖြင့် သားတော်မြွေမင်းသားအား မိန်းမပေးစားရန် စဉ်းစားရလေ၏။ သူသည် နန်းတော်၌ ပန်းတော်ဆက်အရာလုပ်နေသည့် အမယ်အိုအား “အမယ်အို၊ မယ်မင်းမှာရှိနေတဲ့ သမီးအကြီးကို သားတော်မြွေမင်းသားနှင့် လက်ဆက်ဖို့ပေးပါ။ အမယ်အိုလိုချင်တာကို မိဖုရားက ပြန်ပေးပါ့မယ်” ဟု ပြောလေ၏။ အမယ်အိုကလည်း အရှင်သခင်မ၏ သားဖြစ်နေ၍ မြွေပင်ဖြစ်သော်လည်း မငြင်းဝံ့တော့ဘဲ “ကောင်းပါပြီ” ဟု သဘောတူကာ သူ၏ သမီးအကြီးနှင့် လက်ထပ်ပေးစားလိုက်လေ၏။ မြွေမင်းသားသည် လက်ထပ်ပွဲပြီးသောအခါ လူတို့ကဲ့သို့ပင် သတို့သမီးနှင့်အတူ ထမင်းစားလေ၏။ ရေလည်း သောက်လေ၏။ စကားလည်း ပြောလေ၏။ ညတွင် အတူအိပ်လေ၏။ ထိုည၌ အိပ်ကြ၍ မနက်လင်းအားကြီးအချိန်သို့ ရောက်သောအခါ အိပ်ရာထဲမှ မြွေမင်းသားသည် လူအသွင်သို့ပြောင်းကာ သူ့မယားအား “ဟော့... ရှင်မ၊ အခု မိုးလင်းလုပြီလား။ ဘယ်အချိန်လောက်ရှိပြီလဲ” ဟု မေးလိုက်လေ၏။ ပန်းတော်ဆက်၏ သမီးကလည်း လင်းအားကြီးအချိန်

mgyoe.com

mgyoe.com


မှန်းသိသဖြင့် "အင်း... မနက်မိုးလင်းခါနီးပြီ၊ အချိန်ကတော့ နန်းတော်အတွက် မိခင်ကြီး ပန်းထရူးတဲ့အချိန်ပဲပေါ့" ဟု ပြန်ပြောလိုက်လေ၏။ ထိုသို့ ပြောလိုက်သောအခါ မြွေမင်းသားက "အို... မင်းဟာ ပစ္စည်းချမ်းသာတဲ့လူရဲ့ သမီးမှမဟုတ်ဘဲ၊ စိတ်သဘောလည်းကောင်းမယ် မဟုတ်ပါဘူးလေ၊ မဖြစ်ပါဘူး" ဟု ဆိုကာ ရုတ်တရက် ဓားကိုဆွဲကာ သူ့မယားအား ခုတ်သတ်ပစ်လိုက်လေ၏။ ပန်းတော်ဆက်၏သမီး သေဆုံး၍ မကြာခင်မှာပင် မိုးလင်းကာ အထိန်းတော်သည် အစာပို့ရန် ဝင်လာလေ၏။ အထိန်းတော်လည်း မြွေမင်းသားခုတ်သတ်ထားသည့် မိန်းမကို မြင်လိုက်ရသောအခါ လန့်နေစဉ် မြွေမင်းသားက မြွေအသွင်ဖြင့်ပင်–

"သတို့သမီး လိုချင်တယ်၊
ဥစ္စာလည်းပေါ၊ ရုပ်လည်းချော
သဘောကောင်းမှဖြစ်ပါမယ်"

ဟု ပြောလိုက်ပြန်လေ၏။ အထိန်းတော်တို့သည် မြွေမင်းသား ညအချိန်၌ လူအသွင်ဖြစ်လာသည်ကို မသိလိုက်ကြရချေ။ ထို့ကြောင့် အထိန်းတော်က မိဖုရားကြီးထံ မြွေမင်းသားဓားဖြင့် ခုတ်သတ်၍ ပန်းတော်ဆက်သမီး သေဆုံးသွားကြောင်းကို ပြန်ပြောပြလေ၏။ မိဖုရားလည်း မြွေမင်းသားအတွက် ပန်းတော်ဆက်၏ သမီးငယ်ကို လက်ထပ်ရန် တောင်းပြန်၏။ အမယ်အိုကလည်း အရှင်သခင်ဖြစ်နေသဖြင့် ကြောက်ကြောက်နှင့်ပင် သဘောတူလိုက်ရလေ၏။ ထိုကဲ့သို့ လက်ထပ်ပွဲကျင်းပပေးလိုက်သောအခါ ညအချိန်၌ မြွေမင်းသားသည် လူအသွင်သို့ ပြောင်းကာ တစ်ညအိပ်စက်ကြလေ၏။ မနက်မိုးလင်းခါနီးသောအခါ မြွေမင်းသားက "အခု မိုးလင်းခါနီးပြီထင်ပါရဲ့ကွယ်" ဟု သူ့မယားအား မေးလိုက်ရာ သူ့မယားက "အင်း... မိုးလင်းခါနီးပါပြီ၊ ဒီအချိန်ဆိုရင် အမေပန်းဆက်ဖို့ ပန်းထရူးတဲ့အချိန်ပါပဲ" ဟု ပြန်ပြော

mgyoe.com

mgyoe.com


လိုက်မိလေ၏။

ထိုအခါ မြွေမင်းသားက "အိုမင်းလည်း ပစ္စည်းချမ်းသာသူ မဟုတ်ပါဘဲကလား၊ စိတ်သဘောလည်း ကောင်းမယ်မထင်ပါဘူးကွယ်" ဟု ညည်းကာ ရုတ်တရက်ဓားနှင့် ခုတ်သတ်ပစ်လိုက်လေ၏။ ထိုသို့ မယားနှစ်ယောက် သေဆုံးပြီးသောအခါ မြွေမင်းသားသည် လူအသွင် ပြန်ဖြစ်မလာတော့ဘဲ ပခြုပ်တွင်းမှပင် သတို့သမီးလိုချင်ကြောင်း မကြာခဏ ပြောနေလေ၏။ မိဖုရားကြီးကလည်း မြွေမင်းသားနှင့် ပေးစားရန်မှာ အကြောင်းမသိသေးသော ပြည့်ရှင်မင်းတစ်ပါး၏သမီးနှင့်မှ ဖြစ်တော့မည်ဟု တွေးကာ တစ်တိုင်းတစ်ပြည်မှ ဘုရင်တစ်ပါး၏သမီးနှင့် စေ့စပ်လေ၏။ မြွေမင်းသားနှင့် လက်ဆက်ပေးစားပါက ရွှေငွေများစွာ ဆက်သပါမည်ဟုလည်း ကတိပြုလေ၏။ ထိုသို့ လက်ဆောင်ပဏ္ဏာများ ဆက်သမည်ဟု သိရသဖြင့် ဘုရင်တစ်ပါးက သူ၏ သမီးတော်နှင့် လက်ဆက်ပေးစားပါမည်ဟု ပြောကာ မကြာခင် လက်ထပ်ပွဲ ကျင်းပပေးလိုက်လေ၏။ ပြည့်ရှင်မင်း၏ သမီးနှင့် လက်ထပ်သည့်ပွဲဖြစ်သဖြင့် မိဖုရားကြီးက လက်ထပ်ပွဲကို နေ့ရက်များစွာ ပျော်ပွဲရွှင်ပွဲများ ဆက်၍ ကျင်းပလေ၏။ ပျော်ပွဲရွှင်ပွဲတို့၌ မင်းညီမင်းသားနှင့် လူပျိုရုံများစွာတို့ တက်ရောက်ကြရလေ၏။ ပထမည၌ ပျော်ပွဲရွှင်ပွဲသို့ ရောက်လာကြသည့် လူပျိုတော်သားများအား မင်းသမီးက အဖျော်ယမကာများကို ကိုယ်တိုင် တည်ခင်းဧည့်ခံရမည်ဖြစ်သော်လည်း ညအချိန်၌ လူအသွင်ဖြစ်လာသည့် မြွေမင်းသားက မင်းသမီးအား "ပျော်ပွဲရွှင်ပွဲမှာ လာကြတဲ့ သူထဲက မည်သူ့ကိုမျှ ကိုယ်တိုင် အဖျော်ယမကာ မကမ်းလိုက်ပါနှင့်၊ ငါကိုယ်တိုင်တက်မည်ဖြစ်သဖြင့် ပုဆိုးအဝါကိုဝတ်ကာ ပျော်ပွဲကိုတက်ပါမည်။ ငါ့ကိုသာ အဖျော်ယမကာဆက်သပါ" ဟု မှာထားလေ၏။ မင်းသမီးကလည်း မြွေမင်းသားမှာထားသည့်အတိုင်း စောင့်နေစဉ်

mgyoe.com

mgyoe.com



မိဖုရားကြီးလက်ထပ်ပွဲသို့ လာကြသည့် လူပျိုတော်သားတို့အား အဖျော်ယမကာ မဆက်သ သဖြင့် စိတ်ဆိုးလေ၏။ ထိုခဏ၌ ပုဆိုးအဝါကို ဝတ်ကာ လက်ထပ်ပွဲသို့ မြွေမင်းသားရောက်လာသဖြင့် မင်းသမီးက အဖျော်ယမကာသွား၍ ဆက်သလိုက်လေ၏။ ထိုသို့ဆက်သသည်ကို မြင်ရသော မိဖုရားကြီးက စိတ်ဆိုးကာ "ဘယ်က မျက်နှာစိမ်းကို သွားပြီး ဆက်သံရသလဲ" ဟု ပြောကာ မင်းသမီးကို ကြိမ်းမောင်းရာ မင်းသမီးကလည်း မြွေမင်းသား လူပြန်ဖြစ်ပြီး လက်ထပ်ပွဲတက်တာပါဟု မပြောလိုက်ပေ။ မင်းသမီးလည်း မိဖုရားကြီးက ကြိမ်းမောင်းလိုက်သည်ကို မြွေမင်းသားအား ပြန်ပြောလိုက်သောအခါ မြွေမင်းသားက "သည်းခံလိုက်ပါကွယ်၊ မင်းကိုယ်တိုင် သုံးညတိတိ ဆက်သရင် ငါ တစ်သက်လုံး လူဖြစ်ရပါလိမ့်မယ်" ဟု ပြောလေ၏။

နောက်ည၌လည်း ဧည့်ခံပွဲကို ဆက်လက်ကျင်းပရာ မြွေမင်းသားက မနေ့ကကဲ့သို့ပင် "ဒီညမှာလည်း ဘယ်သူ့ကိုမျှ အဖျော်ယမကာ မဆက်ပါနှင့်၊ ငါကိုယ်တိုင် ပုဆိုးအနက်ကိုဝတ်ပြီး လာခဲ့မယ်၊ ငါ့ကိုသာ ဆက်ပါ" ဟု မှာထားလေ၏။ ဧည့်ခံပွဲ၌ မင်းညီမင်းသား လူပျိုတော်သားတို့စုံသောအခါ မိဖုရားက မင်းသမီးအား အဖျော်ယမကာ ဆက်ရန် ပြောပြန်လေ၏။ မင်းသမီးကလည်း နားမထောင်နိုင်ဘဲ ငြင်းသဖြင့် မိဖုရားက စိတ်ဆိုးလေ၏။ ထိုခဏ၌ ပုဆိုးအနက်ကိုဝတ်ကာ ဧည့်ခံပွဲသို့ ရောက်လာသည့် မြွေမင်းသားအား မင်းသမီးက သူကိုယ်တိုင် အဖျော်ယမကာ ဆက်သလေ၏။ မိဖုရားကြီးလည်း မင်းသမီးကို စိတ်ဆိုးကာတုတ်ဖြင့် အကြိမ်များစွာ ရိုက်နှက်မိလေ၏။ မင်းသမီးလည်း ကိုယ်လက်များ နာကျင်ကာ အဆောင်တော်သို့ ပြန်လာခဲ့လေ၏။ သူက မြွေမင်းသားအား မိဖုရားကြီးက ရိုက်နှက်လိုက်ကြောင်းကို ပြန်ပြောရာ မြွေမင်းသားက "သည်းခံလိုက်ပါကွယ်၊ မင်းကိုယ်တိုင် ငါ့ကို

mgyoe.com

mgyoe.com


အဖျော်ယမကာဆက်ပါမှ ငါတစ်သက်လုံး လူဖြစ်ရမှာပါ၊ နောက်တစ်ညပဲ လိုပါတော့တယ်" ဟု ပြောလေ၏။

နောက်ည၌လည်း ထိုကဲ့သို့ပင် မင်းသမီးက မိဖုရားကြီးခိုင်းသည်ကို မလုပ်ပေးဘဲ ပုဆိုးအဖြူနှင့် ဖိုးသူတော်ပုံသဏ္ဍာန် ဝတ်ဆင်ကာ ညည့်ခံပွဲသို့ တက်လာသည့် မြွေမင်းသားအား သူကိုယ်တိုင်သွား၍ ဆက်သလိုက်လေ၏။ ထိုအခါ ဖိုးသူတော်တစ်ယောက်အား အဖျော်ယမကာဆက်သရပါမည်လားဟု မိဖုရားကြီးက စိတ်ဆိုးကာ မင်းသမီးကို မနေ့ကထက်ပင် နာကျင်အောင် ရိုက်နှက်လိုက်လေ၏။ ထိုအခါ နာကျင်လွန်းသဖြင့် မင်းသမီးက "ဖိုးသူတော်လို ဝတ်ဆင်လာသူဟာ တခြားသူမဟုတ်ပါ၊ မယ်တော်ရဲ့သားပဲ ဖြစ်ပါတယ်" ဟု ပြန်ပြောလိုက်မိလေ၏။ ထိုခဏ၌ မြွေမင်းသားသည် ဖိုးသူတော်သဏ္ဍာန်မှ ချက်ချင်းပင် ငှက်ဆိုးကြီးဖြစ်ကာ ကောင်းကင်သို့ ပျံထွက်သွားလေတော့သည်။ ထိုအခါမှ မိဖုရားကြီးတို့က မြွေမင်းသား၏ အဖြစ်ကိုသိရကာ စိတ်မကောင်းခြင်း ဖြစ်ကြရလေ၏။ ငှက်ဆိုးကြီး ဘယ်အရပ်သို့ ပျံသွားသည်ကို မည်သူမျှ မမြင်လိုက်တော့ပေ။

နောက်မနက်၌ မင်းသမီးကလည်း ရွှေငွေများကို အိတ်ဖြင့် ထည့်ကာ လွယ်လျက် ခရီးထွက်လာခဲ့လေ၏။ မင်းသမီးသည် လမ်းဘေး ကြွေထည်ဆိုင်တစ်ဆိုင်၌ ထိုင်ကာငိုနေသည့် လူတစ်ယောက်အား တွေ့သဖြင့် "ဘာဖြစ်လို့ ငိုနေရပါသလဲရှင်" ဟု မေးလေ၏။ ကြွေထည်သည်လည်း "ငိုတာက နှမြောလွန်းလို့ပါ။ ကျုပ်ဆိုင်ထဲမှာရှိတဲ့ ပစ္စည်းတွေကို မနေ့က ငှက်ဆိုးကြီးတစ်ကောင်လာပြီး နှုတ်သီးနှင့်ပေါက်ပြီး ခွဲပစ်ခဲ့လို့ ဆုံးကုန်ပြီ" ဟု ပြန်ပြောလေ၏။ မင်းသမီးလည်း သူ့မှာပါလာသည့် ငွေစကို ရေတွက်၍ ကြွေထည်ပစ္စည်းများအတွက် အရော် ပေးခဲ့ကာ "ဒါနှင့် အဲဒီငှက်ဆိုးကြီး ဘယ်ဘက်ကို ပျံသွားပါသလဲ"

mgyoe.com

mgyoe.com


ဟု မေးရာ ကြွေထည်သည်က "ဟောဒီလမ်းတည့်တည့်ကို ပျံသွားပါတယ်" ဟု ပြောသဖြင့် မင်းသမီးလည်း လမ်းတည့်တည့်ကို လျှောက်လိုက်လာခဲ့လေ၏။

မင်းသမီးလည်း လမ်းဘေးဆိုင်တစ်ဆိုင်သို့ ရောက်သောအခါ ငိုယိုနေသည့် သူငယ်တစ်ယောက်ကို မြင်ရသဖြင့် ဝင်၍ "ဘာကြောင့် ငိုနေပါသလဲကွယ်" ဟု မေးလေ၏။ သူငယ်ကလည်း ရှိုက်ငိုရာမှ "ဒီဆိုင်မှာရှိတဲ့ ဖန်ထည်ပစ္စည်းတွေကို ငှက်ဆိုးကြီးတစ်ကောင်လာပြီး ပေါက်ခွဲပစ်လိုက်လို့ ငိုနေတာပါ၊ ကျွန်တော့်ဆိုင်ရှင်လည်းမရှိပါ။ သူ ရောက်လာရင် ကျွန်တော့်ကို ရိုက်ပါလိမ့်မယ်" ဟု ပြန်ပြောလေ၏။ မင်းသမီးကလည်း "အို... မငိုပါနှင့်တော့ကွယ်၊ ရော့... ဟောဒီပစ္စည်း အတွက် အစားပြန်ထူထောင်ရအောင် ငွေဒင်္ဂါးများယူထားလိုက်ပါ" ဟု ပေးလေ၏။ ထို့နောက် သူက "ဒါနှင့်၊ အဲဒီငှက်ဆိုးကြီး ဘယ်ဘက်ကိုပျံသွားသလဲကွယ်" ဟု မေးရာ သူငယ်က "ဟောဒီတည့်တည့်ကို ပျံသွားပါတယ်" ဟု ပြန်ပြောသဖြင့် မင်းသမီးလည်း လမ်းတည့်တည့်ကို လိုက်လာခဲ့လေ၏။ လမ်းပေါ်၌ အတော်ဝေးဝေးသို့ရောက်အောင် လျှောက်လာခဲ့သောအခါ တောစပ်သို့ ရောက်လာလေ၏။ တောစပ်၌ ငှက်ဆိုးကြီးတစ်ကောင် နားနေသည်ကို မြင်ရသဖြင့် မင်းသမီးက အနားသို့ကပ်ကာ "မြွေမင်းသားရယ် ပြန်လိုက်ခဲ့ပါ" ဟု ခေါ်လေ၏။ ထိုအခါ အနားမှာ နားနေကြသည့် အခြားငှက်တို့က "ဟုတ်ပါတယ်၊ မင်းသမီးနှင့်ပဲ ပြန်လိုက်သွားပါ" ဟု ဝိုင်း၍ ပြောကြလေ၏။ သို့ရာတွင် ငှက်ဆိုးကြီးက မလိုက်ဘဲ မင်းသမီး၏ မျက်လုံးတစ်ဖက်ကို နှုတ်သီးဖြင့် ထိုးဖောက်ပစ်လိုက်လေ၏။ ထိုအခါ မင်းသမီးက "ပြန်လိုက်ခဲ့ပါ၊ မြွေမင်းသားရယ်" ဟု ခေါ်ပြန်လေ၏။ ငှက်ဆိုးကြီးကလည်း ပြန်မလိုက်သည့်အပြင် မင်းသမီး၏ ကျန်မျက်လုံးကိုပါ ထပ်၍ ထိုးဖောက်လိုက်ပြန်လေ၏။

mgyoe.com

mgyoe.com


မင်းသမီးကလည်း မလျှော့သေးဘဲ "မြွေမင်းသားရယ်၊ မျက်လုံးနှစ်ဖက်ကန်းနေတဲ့ မင်းသမီးကို သနားရင် ပြန်လိုက်ခဲ့ပါ" ဟု ခေါ်ပြန်လေ၏။ ငှက်ဆိုးကြီးကလည်း ပြန်မလိုက်သည့်အပြင် မင်းသမီး၏ လက်နှစ်ဖက်ကို နှုတ်သီးဖြင့် ကိုက်ဆိတ်ကာ ချိုးပစ်လိုက်လေ၏။ မင်းသမီးသည် ကန်းလည်းကန်း၊ ကျိုးလည်းကျိုးကာ ဒုက္ခိတဖြစ်သွားလေတော့သည်။ ထိုသို့ ဒုက္ခိတဖြစ်သော်လည်း မလျှော့သေးဘဲ "မြွေမင်းသားရယ် ဒုက္ခိတမင်းသမီးကို သနားတာဖြင့် အိမ်ကိုပြန်လိုက်ခဲ့ပါ" ဟု ခေါ်လေ၏။ ထိုခဏ၌ ငှက်ဆိုးကြီးသည် လူပကတိပြန်ဖြစ်လာလေ၏။ သူတို့အနား၌ အမယ်အိုတစ်ယောက်လည်း ရောက်နေလေ၏။ ထိုအမယ်အိုက "ဟဲ့ သဘောကောင်းလှတဲ့ မိန်းကလေး၊ ဒုက္ခိတဘဝက လွတ်ရအောင် ဟော ဟိုစမ်းအိုင်ကိုသွားပြီး စမ်းရေနှင့် မျက်နှာသစ်လိုက်ပါ၊ ကိုယ်လက်ကိုလည်း လောင်းလိုက်ပါ" ဟု ပြောလေ၏။ မင်းသမီးလည်း လမ်းပေါ်၌ စမ်း၍လျှောက်သွားကာ စမ်းအိုင်သို့ ရောက်သောအခါ မျက်နှာသစ်ကာ ကိုယ်လက်တို့ကိုလည်း ရေစင်ဖြင့် လောင်းလေ၏။ ထိုခဏ၌ မင်းသမီးသည် မူလကဲ့သို့ အကောင်းပကတိ ပြန်ဖြစ်သွားလေ၏။ မင်းသမီးပြန်ကောင်းသွားသောအခါ အမယ်အိုကြီးက "ရော့၊ ဟောဒီဆေးတောင်ဝှေးကို ဆောင်ထားပေတော့၊ ဘယ်ရန်သူမှ မနှောင့်ယှက်နိုင်တော့ပါဘူးကွယ်။ မိန်းကလေးက တယ်သဘောကောင်းတယ်။ သူတစ်ပါးကို ကူညီချင်စိတ်များတယ်" ဟု ပြောကာ ပေးလေ၏။ မင်းသမီးလည်း အမယ်အိုပေးသည့် ဆေးတောင်ဝှေးကို လှမ်းယူလိုက်ကာ နန်းတော်ကြီးတစ်ဆောင်ကို တောင့်တလိုက်ရာ ချက်ချင်းပင် နန်းတော်ကြီး ပေါ်လာလေ၏။ လူပကတိပြန်ဖြစ်သွားသည့် မြွေမင်းသားလည်း ဘယ်ဆီသို့ ပြန်သွားသည်ကို မသိလိုက်သဖြင့် မင်းသမီးသည် သူတစ်ကိုယ်တည်း နန်းတော်၌ နေထိုင်လေ၏။

mgyoe.com